# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၀၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ

### ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကွင်းဆက် သဘောတရား၏ အကျိုးရလဒ်နှင့် ယနေ့ တရုတ်ပြည်သစ်


ဆောင်းပါး | စာ ၆





### ဒေသစီးပွား ထွန်းကားစေမည့် မကွေးစက်မှုဇုန်မှသည်




ဆောင်းပါး | စာ ၁၆


### အီရတ်လက်နက်ကိုင်အဖွဲ့က ဆီးရီးယားရှိ အမေရိကန် စစ်အခြေစိုက်စခန်းကို တိုက်ခိုက်


နိုင်ငံတကာသတင်း | စာ ၁၃


### အုတ်ဖိုမြို့နယ်၌ ပန်းဂေါ်ဖီများ စတင်စိုက်ပျိုးလျက်ရှိ


စီးပွားရေးသတင်းများ | စာ ၁၈


## အညာဒေသတွင် ထန်းလျက်ဈေးကောင်းရ၍ ထန်းလုပ်ငန်း လုပ်ကိုင်သူ ပြန်လည်တိုးလာ

**ရေနံချောင်း အောက်တိုဘာ ၂၈**

အညာဒေသ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ထန်းတောများသည် အညာ၏အိုအေစစ်တစ်ခုဖြစ်ပြီး နှစ်ရှည်ပင်ဖြစ်သည့် ထန်းပင်ကို တစ်ကြိမ်တည်း စိုက်ပျိုးခြင်းဖြင့် ရေလောင်းစရာမလိုဘဲ ရှင်သန်ပြီး အောင်မြင်ဖြစ်ထွန်းစေသည့်အပြင် ရာသီဥတုကို ကောင်းမွန်စေသောကြောင့် တောင်သူများ စိုက်ပျိုးကြသည်။

“အခုနှစ် ထန်းလျက်ဈေးက တောင်သူတွေ မျှော်လင့်သလို ဈေးကောင်းရပါတယ်။ တစ်နှစ်လုံး ဈေးကောင်းခဲ့တာကိုကြည့်ပြီး အခု လာမယ့်နှစ်မှာ ထန်းတက်သူများနိုင်တယ်။ ကုန်ကျစရိတ်တွေရှိပေမယ့် အခုလက်ရှိပေါက်ဈေးအရ တွက်ခြေကိုက်တဲ့အတွက် ထန်းလုပ်ငန်းလုပ်ကိုင်သူတွေ ပြန်လည်တိုးလာပါတယ်” ဟု ထန်းတောင်သူတစ်ဦးက ပြောသည်။

စားသောက်ကုန်များတွင် အသုံးပြုနိုင်သော ထန်းလျက်အပြင် ထန်းပင်ကနေ ထန်းရွက်၊ ထန်းလက်၊ ထန်းလျှော်၊ ထန်းသားတို့သည် လူတို့၏ အဆောက်အအုံများ၌ အမိုး၊ အကာအဖြစ်လည်းကောင်း၊ ထန်းလက်ကို ကုလားထိုင်၊ စားပွဲနှင့် ထန်းသားကို အသုံးအဆောင်အဖြစ်လည်းကောင်း အသုံးပြုကြခြင်းဖြင့် ထန်းပင်ကနေ အကျိုးအမြတ်ရရှိသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ❍




ရေနံချောင်းဒေသ ထန်းတောတစ်နေရာကို တွေ့ရစဉ်။

## ကလောမြို့ ရေပေးဝေရေးပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့်ရပ်ကွက်များသို့ ရေဖြန့်ဝေရောက်ရှိမှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကလော အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ပေါ် ရပ်ကွက်များကို သောက်သုံးရေဖြန့်ဝေပေးနေသည့် ရေအေးကန်ရေပိုက်လိုင်းများ ရေကြီး၊ ရေလျှံမှုကြောင့် ပျက်စီးသွားခဲ့ပြီး ပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ရပ်ကွက်များသို့ ရေဖြန့်ဝေရောက်ရှိမှုအခြေအနေများကို အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေပေးဝေရေးလုပ်ငန်းအတွက် ရေပိုက်လိုင်းများ ရေရှည်ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ရပ်ကွက်များသို့ ရေပုံမှန်ပေးဝေနိုင်ရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❒

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တိုးတက်ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် ဝန်ထမ်းများ အရည်အသွေးပြည့်ဝရန်လို



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

တိုးတက်ပြောင်းလဲလာသည့် နည်းပညာခေတ်တွင် ဝန်ထမ်းများ အရည်အသွေးပြည့်ဝရန်နှင့် လုပ်ရည်ကိုင်ရည်တိုးတက်ရန် သိသင့်သိထိုက်သည်များကို အစဉ်လေ့လာသင်ယူရန် လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ဦးစီးအရာရှိအဆင့် အရာရှိ သင်တန်းသား ၂၀ နှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

**ဌာန၏လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးကပြည်သူလူထုနှင့်ထိတွေ့နေရသည့်ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆ ရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဌာန၏လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အပတ်တကုတ် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည့် အခြားသော ဝန်ထမ်းငယ်များကိုလည်း အသိပညာများ ပြန်လည်မျှဝေပေးစေလိုကြောင်း၊ ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း လေ့လာသင်ယူကြပြီး လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တက်ရောက်**

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် ဝန်ကြီးဌာနပိုင် အားကစားကွင်းများတွင် ဆက်လက်ကျင်းပယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့က (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း (၁)၌ လည်းကောင်း၊ (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားလေ့ကျင့်ရေးခန်းမ(၃)၌ လည်းကောင်း၊ ယနေ့တွင်(အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားလေ့ကျင့်ရေးခန်းမ (၁)၌ လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကြသည်။



အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပွဲစဉ်များအပြီးတွင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ အဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၈**
အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ အဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ကျင်းပရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ - ၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အမှာစကားပြောကြားပြီး (ဝဲပုံ)လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသားမြေဥပဒေ ပထမ (မူကြမ်း) အခန်း (၁)မှ (၁၅)အထိ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ယခင်အစည်းအဝေးများတွင် ယာယီသဘောတူအတည်ပြုထားသည့် ဥပဒေမူကြမ်းနှစ်ခုကို စုစည်းပေါင်းစပ်ပြီး ဥပဒေတစ်ရပ်လုံး မူကြမ်းအဖြစ် ပြုစုထားမှုများ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲသို့တက်ရောက်ရန် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်



❒ ရှေ့ဖုံးမှ

ကလောမြို့တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုကြောင့် ကလောမြို့ သောက်သုံးရေပေးဝေနေသည့် ရေပိုက်လိုင်းများ ပျက်စီးခဲ့ရာ ကလောမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ဦးဆောင်၍ ရေပိုက်လိုင်းအမြန်ဆုံး ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြို့ပေါ်ရပ်ကွက်များသို့ ပြည်သူများအတွက် သောက်သုံးရေများ အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၈**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၅ ကျောင်းတွင် နယ်စပ်ဒေသ အပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေ ရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာသင်တန်းများကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

ထိုသို့ ဖွင့်လှစ်ရာ ဘားအံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လပွတ္တာမြို့ အိမ်တွင်းမှု





ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဘားအံ သင်တန်းဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။

သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြိုင်ကြီးငူမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာချီလိတ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် နယ်မြေခံ တပ်မှ ဒုတိယ ဗိုလ်မှူးကြီး သန့်လှိုင်ဝင်းတို့က တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကျောင်း ၁၅ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၄၂၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံလက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၄၀၊ သင်တန်းသူ စုစုပေါင်း ၄၇၀ တက်ရောက်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ထောက်ပံ့ပေးမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၆၈၄၁ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဟဲဟိုးမြို့၌ မူခင်းအသိပညာပေးဟောပြော

**ကလော အောက်တိုဘာ ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၈ ရက်က မူခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိခိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်သည်။

ဟောပြောပွဲတွင် ကလောခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးက မူခင်းလျော့နည်းကျဆင်းရေး၊ ဟဲဟိုးမြို့ နယ်မြေခံစခန်းမှူး ရဲအုပ် နေထက်အောင်က မူဒိမ်းမှုလျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းအကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်တပ်ဖွဲ့မှ ရဲအုပ် မျိုးမင်းထွန်းက မူးယစ်ဆေးဝါးနှင့် လူငယ်များ ဆိုးကျိုးအန္တရာယ်၊ ယာဉ်ထိန်း



ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ကျော်ဇင်ဝင်းက ယာဉ်လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပြီး မူခင်းပညာပေး ဗီနိုင်းဆိုင်းဘုတ်များ ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၈

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် ကလောမြို့နယ် အမှတ်(၁) အခြေခံပညာကျောင်းသို့ရောက်ရှိပြီး အဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့မှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**



ထို့နောက် ကျောင်းသား ကျောင်းသူများ အစားထိုး နှစ်ဝက်ဆုံးတတ်မြောက်မှု စစ်ဆေးအကဲဖြတ်သည့် စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဆရာ ဆရာမများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (အင်းခေါင်း)နှင့် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တို့သို့ သွားရောက်ပြီး မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ကလောမြို့နယ်ရှိ ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားသင်ယူမှု အခြေအနေများ၊ ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမှ ပညာရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်း အမှတ်စဉ် (၆) ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာ ဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာ တတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေး အတွက် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို အဓိက အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအနေဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုပါကြောင်း ပြောကြားကာ ကျောင်းအလိုက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အခြေခံပညာအလယ်တန်းကျောင်း ဘုရားဖြူ (မြောက်) နှင့် အမှတ်(၇) အခြေခံပညာအထက်တန်း ကျောင်းတို့သို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းအတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုက်ကြီးမြို့နယ် ဥက္ကံကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဥက္ကံကံကုန်းကျေးရွာအုပ်စု ဥက္ကံကံကုန်းကျေးရွာမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဟသာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။**(ယာပုံ)**



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၇၅ ဦးကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/ အကြောရောဂါ၊ သွားနှင့်ခံတွင်း ရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒလမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဒလ အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပျော်ဘွယ်ကြီးစံပြကျေးရွာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းကကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ရခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုဆိုးကျိုးများကိုလည်းကောင်း၊ တုံးတင်ဂံတောင်ကျေးရွာအ.မ.က(မူလွန်) ကျောင်း၌ ဒုတိယဦးစီးမှူး ဦးဆက်ပိုင်ဟိန်းက ပင်လယ်မြက်များထိန်းသိမ်းခြင်း ဆိုင်ရာနှင့် အိုဇုန်းလွှာအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

အသိပညာပေးဟောပြောပွဲသို့ ပျော်ဘွယ်ကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း အင်အား ၃၄၅ ဦးနှင့် တုံးတင်ဂံတောင်ကျေးရွာ အ.မ.က (မူလွန်)ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်းအင်အား ၁၁၇ ဦး တက်ရောက်ခဲ့သည်။**အေးမြမိုး(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်



ညောင်ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ညောင်ပင်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် သုတ/ရသစာအုပ် လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်း ကပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးကျော်မိုးကြည်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစည်သူမောင်မောင်က စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ လူငယ်ရေးရာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဝင်းသိန်းထွန်း မိသားစုက သုတ၊ ရသစာအုပ် ၁၀၀၊ ဦးဇာနည်ကျော် (ခ) ဦးအောင်ကျော်စိုးမိသားစုက သုတ၊ ရသစာအုပ် ၁၀၀ လှူဒါန်းသည်။

ထို့နောက် သုတ၊ ရသ စာအုပ်များနှင့် နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

○ *ရှေ့ဖုံးမှ*

ထန်းပင်ကနေ ဝင်ငွေရသော ရာသီမှာ ထန်းတက်ရာသီဖြစ်ပြီး ထန်းပင်ကနေ နှစ်စဉ် ထန်းဖိုဦးရာသီကို ဇန်နဝါရီလတွင် စတင်ကာ ကနဦး ထန်းပင်အရိုင်းများကို ထန်းလက်အခြောက်ခွာခြင်း၊ အသစ်ထွက်သော ထန်းနို့ချောင်းကို ပြုပြင်၍ ထန်းတက်လုပ်ငန်းခွင်စတင်ကြပြီး မိသားစုလိုက်ထန်းတက်လုပ်ငန်းခွင်၌ ထန်းတက်လုပ်သား၊ မြေအိုးကောက်ခြင်း ထန်းလျက်ကျိုချက်ခြင်းများ လုပ်ကိုင်ကြသည်။

ယခုအခါ ထန်းလျက်ကို မြန်မာ့ရိုးရာ အစားအစာအဖြစ် ထမင်းဆိုင်များနှင့် စားသောက်ဆိုင်တို့တွင် ဧည့်ခံကျွေးမွေးကြကာ ထန်းလျက်ကို စားသောက်ကုန်လုပ်ငန်းများက ကုန်ကြမ်းအဖြစ် အသုံးပြုလာကြသဖြင့် ထန်းပင်စိုက်ပျိုးရေးကိုတိုးချဲ့စိုက်ပျိုးနိုင်ပါက ဝင်ငွေလည်းရ ဒေသရာသီဥတုအတွက်လည်း အကျိုးရှိမည်ဖြစ်သည်။ **မျိုးမြင့်သူ(ရေနံချောင်း)**

# ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးကွင်းဆက် သဘောတရား၏ အကျိုးရလဒ်နှင့် ယနေ့ တရုတ်ပြည်သစ်

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးရဲ့ လူမှုကွန်ရက်စာမျက်နှာထက်မှာ အောက်တိုဘာလ ၁ ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လွန်ခဲ့တဲ့ (၇၅)နှစ်အတွင်း တရုတ်နိုင်ငံရဲ့ ကြီးမားတဲ့ပြောင်းလဲမှုပြယုဂ်တွေကို ဓာတ်ပုံ ၁၈ ပုံတွဲလျက် နှိုင်းယှဉ်ဖော်ပြထားပါတယ်။**

မောင်ကမ္ဘာ







အဲဒီ ဓာတ်ပုံတွေအနက် စန်းကျန့် (Shenzhen) တံငါရွာလေးရဲ့ ၂၀ ရာစုနှစ် ၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလက မြင်ကွင်းနဲ့ လက်ရှိ ၂၀၂၄ ခုနှစ် မြင်ကွင်း နှိုင်းယှဉ်ဖော်ပြထားတဲ့ပုံကို သတိပြုမိပါတယ်။ ယခင်ကရေပတ်လည်ဝိုင်းနေတဲ့ ကွင်းပြင်သာသာမြေနေရာဟာ အခုတော့ မိုးပျံအဆောက်အအုံတွေ အစီအရီနဲ့ မိုးနဲ့မြေကွာခြားသလို ရင်သပ်ရှုမောမဆုံး တွေ့မြင်လိုက်ရပါတယ်။

၁၉၇၄ ခုနှစ် ဧပြီလမှာ တရုတ် ကွန်မြူနစ်ပါတီ စန်းတုန်ပြည်နယ်၊ ပြည်နယ်ပါတီကော်မတီက ဗဟိုကော်မတီကို ဟောင်ကောင်၊ မာကောက် (မကာအို) တို့နဲ့ နယ်နိမိတ်ချင်းစပ်နေတဲ့ စန်းကျန့်၊ ကျူးဟိုင်တို့မှာ ပြည်ပပို့ကုန်အခြေခံကိုင် ဒေသထူထောင်သွားရေးကို တင်ပြလိုက်ပါတယ်။

တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က အဲဒီနေရာတွေရဲ့ တန်ဖိုးကို ချက်ချင်းထက်ထက်မြက်မြက် တွက်ဆမိတဲ့အတွက် **"အထူးဒေသလို့ ခေါ်တာ ကောင်းပါတယ်။ ဟိုတုန်းကလည်း ရှမ်းဆီး-ကန်စု-နင်ရှုပြည်နယ် နယ်စပ်ဒေသကို အထူးဒေသလို့ ခေါ်ခဲ့တာပဲ။ ဗဟိုမှာတော့ ငွေမရှိဘူး။ ရဲဘော်တို့ဘာသာ ကိုယ်တိုင်သွားရောက်လုပ်ဆောင်ကြပါ။ ရှေ့ဆောင်လမ်းပြအဖြစ် လုပ်ပြကြပါ"** လို့ ချက်ချင်းအဖြေပေးလိုက်ပါတယ်။

**ခေတ်မီမြို့ပြတစ်ခုရဲ့ အတိုင်းအတာအထိရှိလာ**

ဒီနောက်မှာတော့ အထူးဒေသရဲ့ ရှင်သန်မှုစွမ်းအားဟာ အလွန်လျင်မြန်စွာ တိုးတက်ပေါ်ထွက်လာပါတယ်။ သုံး၊ လေးနှစ်အတွင်းမှာ ယခင်တံငါရွာလေးဟာ မိုးထိအဆောက်အအုံတွေ မှိုလိုပေါက်ဖြစ်လာခဲ့ပြီး ပမာဏအားဖြင့် ခေတ်မီမြို့ပြတစ်ခုရဲ့ အတိုင်းအတာအထိ ရှိလာခဲ့ပါတယ်။

၁၉၈၄ ခုနှစ်မှာ တိန့်ရှောင်ဖိန်ကိုယ်တိုင် အထူးဒေသကို လာရောက်ကြည့်ရှုစစ်ဆေးပြီးနောက် **"အထူးဒေသဟာ ပြတင်းပေါက်တစ်ခုဖြစ်တယ်။ အတတ်ပညာတွေရဲ့ ပြတင်းပေါက်၊ စီမံအုပ်ချုပ်မှုရဲ့ ပြတင်းပေါက်၊ အသိပညာတွေရဲ့ ပြတင်းပေါက်ဖြစ်သလို ပြည်ပပေါ်လစီရဲ့ ပြတင်းပေါက်လည်းဖြစ်တယ်"** လို့ ဆိုလိုက်တယ်။ အဲဒီနောက် တရုတ်ပြည်မှာ စီးပွားရေးအထူးဒေသမှ ပင်လယ်ကမ်းရိုးတန်းတံခါးဖွင့် မြို့တွေဟာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၊ မြစ်ကမ်းတစ်လျှောက်နဲ့ အတွင်းပိုင်းဒေသတွေမှာ၊ နေရာအားလုံးတွေမှာ၊ အစီအစဉ်မျိုးစုံနဲ့ ကျယ်ပြောလှတဲ့ နယ်ပယ်ကြီးရဲ့ ပြည်ပတံခါးဖွင့်အခင်းအကျင်းများအဖြစ် တစ်စတစ်စ ဖြစ်တည်လာခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ တံခါးဖွင့်လုပ်ဆောင်ချက်ဟာ စီးပွားရေးအထူးဒေသ ထူထောင်မှုက မြစ်ဖျားခံခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ဒီလို ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ရာမှာ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးတို့ကို ကွင်းဆက်ကျကျ၊ အချိတ်အဆက်မိမိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်မှုတို့ရဲ့ ဆက်စပ်မှုကို ဂရုတစိုက်ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ဝေါဟာရသုံးလုံးနဲ့ ပတ်သက်ပြီး တိန့်ရှောင်ဖိန်လက်ရွေးစင်ကျမ်း တတိယအတွဲရဲ့ ဆောင်းပါးတိုင်းနီးပါးမှာ သုံးသပ်ဆွေးနွေးထားပါတယ်။

**သင်ခန်းစာတွေက တရုတ်ပြည်သူတွေကို သိမြင်နားလည်ထားစေခဲ့**

ဒါ့အပြင် တိန့်ရှောင်ဖိန်ဟာ **"တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ ရှေးဦးလိုအပ်ချက်နဲ့ အာမခံချက်ဖြစ်တယ်"**လို့လည်း ဆိုခဲ့ပါတယ်။ မဟာယဉ်ကျေးမှု တော်လှန်ရေး ၁၀ နှစ်တာရဲ့ လေးနက်လှတဲ့ သင်ခန်းစာတွေက တည်ငြိမ်စည်းလုံးညွတ်တဲ့ လူမှုရေး၊ နိုင်ငံရေးအခြေအနေ ဆုံးရှုံးတာနဲ့ တစ်ပြိုင်နက် အကျိုးဆက်ကတော့ ဒီမိုကရေစီအကောင်အထည်မဖော်နိုင်သလို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမရနိုင်ဘဲ နိုင်ငံတော်မှာ ဝရုန်းသုန်းကား ဖြစ်ပြီး လူထုရဲ့စိတ်ဓာတ်လည်း ဖရိုဖရဲအခြေအနေ ဖြစ်ပေါ်တတ်တယ်ဆိုတာကိုလည်း တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတွေကို သိမြင်နားလည်ထားစေခဲ့ပါတယ်။

ဒီသင်ခန်းစာတွေအရပဲ တိန့်ရှောင်ဖိန်က "တရုတ်ပြည်ရဲ့ အမြင့်မားဆုံး အကျိုးစီးပွားကတော့ တည်ငြိမ်ရေးပါပဲ"လို့ အလေးအနက်ညွှန်ပြခဲ့ခြင်းဖြစ်ပါတယ်။ တိန့်ရှောင်ဖိန်ဟာ တည်ငြိမ်ရေးမှာ ဘက်နှစ်ဖက်ပါဝင်တယ်လို့လည်း ရှုမြင်ခဲ့ပါတယ်။ တစ်ခုက နိုင်ငံရေးအခြေအနေ တည်ငြိမ်ရေးဖြစ်ပြီး အခြားတစ်ခုက ပေါ်လစီတည်ငြိမ်ရေးဖြစ်တယ်လို့ဆိုပါတယ်။

၁၉၈၇ ခုနှစ်ဇွန်လ ၂၉ ရက်မှာ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနဲ့ တွေ့ဆုံစဉ်မှာလည်း တိန့်ရှောင်ဖိန်က **"ဒီနေ့ ဒီအပိုင်းက လူတွေက လမ်းပေါ်တက်လိုက်၊ နောက်တစ်နေ့ ဟိုအပိုင်းက လူတွေက လမ်းပေါ်ထွက်လိုက်၊ တရုတ်နိုင်ငံမှာ လူသန်းပေါင်း ၁၀၀၀ ရှိတယ်။ တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက် ရှိနေတာ နေ့တိုင်းပြဿနာရှိနေမယ်ဆိုရင် နေထိုင်မှုဘဝတွေကို ကျော်ဖြတ်နိုင်ပါမလား။ ဘယ်နှယ့်လုပ် ကိုယ်အားဉာဏ်အားထုတ်တည်ဆောက်ရေးတွေ လုပ်နိုင်ပါမလဲ။ ဒါကြောင့် ခင်များတို့ ထောင့်ကနေ တရုတ်နိုင်ငံ ပြဿနာတွေကို ကြည့်လို့ မဖြစ်နိုင်ဘူး။ တရုတ်နိုင်ငံရဲ့ အဓိကရည်မှန်းချက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်နောက်ကျမှုက ရုန်းထွက်ရေး၊ နိုင်ငံတော်ရဲ့ အင်အားတိုးတက်လာစေရေးဖြစ်တယ်။ ပြည်သူလူထုနေထိုင်စားသောက်မှုဘဝ ပြည့်စုံကုံလုံလာစေရေးဖြစ်တယ်။ ဒီလိုကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ဆိုရင် တည်ငြိမ်တဲ့ နိုင်ငံရေးဝန်းကျင်ရှိရမယ်။ တည်ငြိမ်တဲ့ နိုင်ငံရေးဝန်းကျင်မရှိရင် ဘာကိစ္စမှ လုပ်လို့မရနိုင်ဘူး"**လို့ ထောက်ပြခဲ့ပါတယ်။

အလားတူ ၁၉၈၉ ခုနှစ် အောက်တိုဘာလမှာ အမေရိကန်သမ္မတဟောင်း နစ်ဆင်နဲ့ တွေ့ဆုံရာမှာလည်း တိန့်ရှောင်ဖိန်က **"တည်ငြိမ်စည်းလုံးညီညွတ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် တည်ငြိမ်တဲ့ လူမှုရေးအခြေအနေလည်းရှိမှာ မဟုတ်ဘူး။ ဘာမှလည်း လုပ်လို့ဖြစ်လာမှာ မဟုတ်ဘူး။ တည်ငြိမ်ရေးက အရာရာကို လွှမ်းမိုးထားတယ်"**လို့ ထပ်မံပြောကြားခဲ့ပါတယ်။

**ဖွံ့ဖြိုးတိုးတက်ရေးဟာ ခိုင်မာတဲ့တရားဖြစ်**

ထို့အတူ ၁၉၉၈ ခုနှစ်မှာ တရုတ်ကွန်မြူနစ်ပါတီက တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး စတင်ခဲ့တဲ့ (၁၁)ကြိမ်မြောက် ဗဟိုကော်မတီတတိယစုံညီအစည်းအဝေး နှစ်(၂၀)မြောက် အထိမ်းအမှတ်အစည်းအဝေးမှာ ထိုစဉ်က ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး သမ္မတကျန်ဇီမင်းက **"ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးတို့ရဲ့ ဆက်စပ်မှုကို တစ်လျှောက်လုံးမှန်မှန်ကန်ကန် ဆုပ်ကိုင်သွားရမယ်။ ဖွံ့ဖြိုးတိုးတက်ရေးဟာ ခိုင်မာတဲ့တရားဖြစ်တယ်။ တရုတ်နိုင်ငံရဲ့ ပြဿနာအားလုံး ပြေလည်ရေးကွင်းဆက်ဟာ မိမိရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် မှီခိုနေတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ တွန်းအား၊ တည်ငြိမ်ရေးဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံကျတဲ့ ရှေးဦးလိုအပ်ချက်ဖြစ်တယ်။ တည်ငြိမ်မှုမရှိရင် ဘာပြဿနာမှ ဆောင်ရွက်လို့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ပါတီဟာ အခွင့်အလမ်းကို မိမိရရဆုပ်ကိုင်၊ ပြုပြင်ပြောင်းလဲရေးကို နက်ရှိုင်းစေပြီး တံခါးဖွင့်ရေးကို တိုးချဲ့၊ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းတင်၊ တည်ငြိမ်ရေးကိုထိန်းသိမ်းတဲ့ အခြေခံလမ်းညွှန်ဟာ လုံးဝမှန်ကန်တယ်လို့ လက်တွေ့က သက်သေပြလိုက်တယ်"**လို့ ညွှန်ပြပြောဆိုခဲ့ပါတယ်။

အလားတူ ကျန်ဇီမင်းက **"ပြုပြင်ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးတက်မှုတွေကို တည်ငြိမ်မှုနဲ့အတူ မှန်ကန်စွာကိုင်တွယ်ပြီး တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်နဲ့ လူမှုအဖွဲ့အစည်း စည်းကမ်းကို ထိန်းသိမ်းတာဟာ အလွန်တရာအရေးကြီးတဲ့ အဓိပ္ပာယ်ရှိတယ်။ တည်ငြိမ်မှုမရှိရင် ဘာကိစ္စမှလုပ်လို့ အောင်မြင်မှာ မဟုတ်ဘူး"** လို့ ညွှန်ပြခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*

> **❝ ဒါ့အပြင် တိန့်ရှောင်ဖိန်ဟာ "တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ ရှေးဦးလိုအပ်ချက်နဲ့ အာမခံချက်ဖြစ်တယ်" လို့လည်း ဆိုခဲ့ပါတယ်။ မဟာယဉ်ကျေးမှုတော်လှန်ရေး ၁၀ နှစ်တာရဲ့ လေးနက်လှတဲ့ သင်ခန်းစာတွေက တည်ငြိမ်စည်းလုံးညွတ်တဲ့ လူမှုရေး၊ နိုင်ငံရေးအခြေအနေဆုံးရှုံးတာနဲ့ တစ်ပြိုင်နက် အကျိုးဆက်ကတော့ ဒီမိုကရေစီအကောင်အထည်မဖော်နိုင်သလို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမရနိုင်ဘဲ နိုင်ငံတော်မှာ ဝရုန်းသုန်းကားဖြစ်ပြီး လူထုရဲ့စိတ်ဓာတ်လည်း ဖရိုဖရဲအခြေအနေ ဖြစ်ပေါ်တတ်တယ်ဆိုတာကိုလည်း တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူတွေကို သိမြင်နားလည်ထားစေခဲ့ပါတယ်❞**




၁၉၆၅ ခုနှစ်တွင် ရှင်းကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားခက်စူးမြို့ (Aksu) ၌ လုပ်သားများက ဝါဂွမ်းများရိတ်သိမ်းနေစဉ်




၁၉၈၀ ခုနှစ်တွင် ဘိုးရင်း (Boeing) ကုမ္ပဏီမှ တရုတ်နိုင်ငံထံလွှဲပြောင်းအပ်နှံသည့် ပထမဆုံး လေယာဉ်




၂၀၂၁ ခုနှစ်တွင် အားခက်စူးမြို့၌ ဝါဂွမ်းရိတ်သိမ်းစက်မှ ဝါဂွမ်းရိတ်သိမ်းနေပုံ




၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံ COMAC ကုမ္ပဏီ၏ ပထမဆုံး C919 လေယာဉ် ထုတ်လုပ်ပြီးစီး

*စာမျက်နှာ ၆ မှ*

**သာမန်ပြည်သူလူထုရဲ့ စွမ်းဆောင်ရည်တွေကို လေးလေးနက်နက် စဉ်းစားဆောင်ရွက်ကြရမှာဖြစ်**

လက်ရှိကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး၊ သမ္မတရှီကျင့်ဖျင်ကလည်း "တည်ငြိမ်မှုဟာ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ဝါဒကျင့်သုံးရေးအတွက် မရှိမဖြစ် ရှိနေရမယ့် လိုအပ်ချက်တစ်ခုဖြစ်တယ်။ ပြုပြင်ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုတို့ဟာ တစ်ပြေးညီယှဉ်တွဲပြီး ရှေ့ဆက်တိုးတက်လာတာသေချာအောင် လုပ်ကိုင်ကြရမယ်။ လူမှုရေးတည်ငြိမ်မှုဟာ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ဖို့အခြေအနေကို ဆောင်ကြဉ်းပေးတယ်။ တစ်ဖက်မှာလည်း ဒီလုပ်ငန်းတွေက လူမှုရေးတည်ငြိမ်မှုအတွက် ခိုင်ခံ့တဲ့ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပေါ်လာအောင် ဖော်ဆောင်ပေးတယ်။ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲမှုရဲ့အရှိန်အဟုန် ဖွံ့ဖြိုးတိုးတက်မှုရဲ့ လျင်မြန်မှုနဲ့ သာမန်ပြည်သူလူထုရဲ့ စွမ်းဆောင်ရည်တွေကို ရေရှည်ထိန်းသိမ်းပြီး ပြောင်းလဲနိုင်ရေးအပေါ်မှာ လေးလေးနက်နက် စဉ်းစားဆောင်ရွက်ကြရမှာဖြစ်တယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ချမ်းသာသုခပိုမိုပြည့်စုံတိုးတက်ရေးဟာ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးတို့ ညီညီမျှမျှ ဖော်ဆောင်ရေးမှာ အရေးကြီးတဲ့ ကွင်းဆက်တစ်ခုအဖြစ်မှတ်ယူကြရမှာဖြစ်တယ်" လို့ တရုတ်ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် ဗဟိုကော်မတီ နိုင်ငံရေးဗျူရို ဒုတိယမြောက် အုပ်စုလေ့လာရေး အစီအစဉ်မှာ ပြောကြားခဲ့ပါတယ်။

ဒါဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခဲ့ဖူးတဲ့ အတွေ့အကြုံတွေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး လူမှုကွန်ရက်စာမျက်နှာထက်က ၇၅ နှစ်အတွင်း တရုတ်နိုင်ငံရဲ့ ကြီးမားတဲ့ ပြောင်းလဲမှု ပြယုဂ်မှတ်တမ်းဓာတ်ပုံတွေအရသော်လည်းကောင်း ယနေ့ခေတ်သစ်တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ တရုတ်နိုင်ငံခေါင်းဆောင် အစဉ်အဆက် လက်ကိုင်ပြုကိုင်စွဲထားခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေး ဆက်စပ်မှုကွင်းဆက်သဘောတရားရဲ့ အကျိုးရလဒ်တွေလို့ပဲ ဆိုရမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အိမ်နီးချင်းဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို ဖော်ဆောင်တဲ့အခါမှာ တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်၊ တည်ငြိမ်တဲ့ လူမှုရေးပတ်ဝန်းကျင်အပါအဝင် ဘက်စုံတည်ငြိမ်မှု ရရှိစေရေးဟာ ဘယ်ခေတ်မဆို အဓိကသော့ချက်တစ်ခုဖြစ်တယ်လို့ သတိချပ်ဆင်ခြင်နှလုံးသွင်းနိုင်ဖို့ ဆက်စပ်တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား –**

- **ရှီကျင့်ဖျင်၏ တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု။**
- **ရဲဘော်မိုးဦး၏ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဘာကြောင့်စွမ်းဆောင်နိုင်ခဲ့တာလဲ (သမိုင်းကို ခြေရာခံ ကောက်ကြည့်ခြင်း)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁– ၂၀၃၂၀၉၁၊ ၀၇၁– ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉– ၂၀၂၄၀၃၇၊ ၀၅၉– ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂– ၂၂၀၁၉၃၉၊ ၀၅၂– ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃– ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂– ၄၀၂၁၂၄၅၊ ၀၂– ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉– ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ – ၂၀၂၇၉၃၅၊ ၀၅၇– ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉– ၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁– ၈၃၀၀၀၁၆၊ ၀၁– ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁– ၂၁၂၄၅၄၀၊ ၀၈၁– ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂– ၂၀၂၅၉၉၃၊ ၀၄၂– ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**ဆိုင်းအဖွဲ့လိုက်(အတီး)**

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အုံ့ထူးကိုကိုနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




**အက**

အကပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်လင်းညီညီခန့် ကပြယှဉ်ပြိုင်စဉ်။



**အဆို**

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ၌ ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်ခင်ရတနာစိုး"နွေမိုးဆောင်း" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




**စောင်း(အတီး)**

စောင်းအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသား အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်နှိုင်းမြတ်သူ "သီလာမြေယံ"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**စန္ဒရား(အတီး)**

စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ကျော်"မြိုင်ယံရွှေလှျံ"(ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အဆို**

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်ကျော် "ယောက်ျားဆုပန်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



**အဆို**

မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာ(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင်"ဆီးနှင်း ပြိုက်ကျ"(ကြိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



## ဆိုင်းအဖွဲ့လိုက်(အတီး)

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မယမင်းသူနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



## စန္ဒရား(အတီး)

စန္ဒရားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ နော်မေသဇင်ထူး“ချစ်ဦးမောင့်ထံ ပြန်လာပါ” (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



## အဆို

မဟာဂီတ အဆိုပြိုင်ပွဲ အခြေခံပညာ(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ“ဆီးနှင်း ပြိုက်ကျ”(ကြိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



## စောင်း(အတီး)

စောင်းအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသိမ့်သိမ့်ဇော် “တောဟေဝန်လယ်” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



## အက

အကပြိုင်ပွဲ အခြေခံပညာ(အမျိုးသမီး အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသြလင်းဖြူ ကပြယှဉ်ပြိုင်စဉ်။



## အဆို

ကာလပေါ်/ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲအဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲရင့်ကျော် “ဂုဏ်တော်ကိုးသွယ်”သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

# တရားမဝင်ကုန်သွယ်မှု၏ ပုံစံများနှင့် ထိခိုက်နစ်နာမှုများ

အလင်းရောင်

**❍ မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်တွင် အကောင်းဆုံးဟုသတ်မှတ်ထားသည့် ကျောက်စိမ်းများ အဓိကထွက်ရှိရာနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်စိမ်းများနှင့်ပတ်သက်၍ နိုင်ငံတကာ NGO အဖွဲ့တစ်ခုဖြစ်သည့် Global Witness အဖွဲ့၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်စိမ်းများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ တရားမဝင် တင်ပို့နေခြင်းများဖြစ်၍ နိုင်ငံတော်၏ အခွန်ဝင်ငွေများ များစွာဆုံးရှုံးလျက်ရှိကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရ**

**❍ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် အခွန်ငွေနစ်နာမှု၊ နိုင်ငံခြားအရန်ငွေဆုံးရှုံးမှု၊ စာရင်းအင်းအချက်အလက်များ မှားယွင်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်မှု၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှု၊ စားသုံးသူပြည်သူများအပေါ် ထိခိုက်နစ်နာမှုနှင့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေ**

**တရားမဝင်ကုန်သွယ်မှုပုံစံများ**

တရားမဝင်ကုန်သွယ်မှုများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို မဖြစ်မနေတားဆီးကာကွယ်ကြရမည်ဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုဆောင်ရွက်သည့် ပုံစံများစွာရှိသည့်အနက် ယေဘုယျအားဖြင့် အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည် –

(က) တရားမဝင် မှောင်ခိုကုန်သွယ်ခြင်း (Smuggling)

( ခ ) ပစ္စည်းအတုအပ ပြုလုပ်/တင်သွင်းခြင်း (Counterfeit)

( ဂ ) တရားမဝင်နှင့် တရားဝင်ကုန်သွယ်မှု အပြိုင်ဆောင်ရွက်ခြင်း (Parallel Trade)

(ဃ) သွင်းကုန် ကျသင့်ငွေတန်ဖိုးအောက် ဖော်ပြ၍ ကုန်သွယ်ခြင်း (Under Value)

တရားမဝင်ကုန်သွယ်မှုများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက ၆၀ ရာခိုင်နှုန်းခန့်မှာ မှောင်ခိုကုန်သွယ်မှုဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်မှာ ကျသင့်တန်ဖိုးအောက်ဖော်ပြကုန်သွယ်မှုနှင့် ၁၀ ရာခိုင်နှုန်းမှာ တရားဝင်၊ တရားမဝင် အပြိုင်တင်သွင်းမှုတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အာဆီယံနှင့် တရားမဝင်ကုန်သွယ်မှု**

တရားမဝင်ကုန်သွယ်မှုများသည် အာဆီယံနှင့် ကမ္ဘာတစ်ဝန်းရှိ ကဏ္ဍအားလုံးနီးပါးအပေါ် သက်ရောက်မှုကြီးမားသော ကိစ္စရပ်တစ်ခုဖြစ်ပါသည်။ အာဆီယံတွင် တရားမဝင်ကုန်သွယ်မှုများ မြင့်တက်လာခြင်းကြောင့် အစိုးရများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများကို ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ၊ လူ့အသက်များနှင့် လူ့အခွင့်အရေးတို့ကို သိသိသာသာထိခိုက်စေကြောင်း လေ့လာမှုများအရ တွေ့ရှိရပါသည်။ အာဆီယံအတွင်း တရားမဝင်ကုန်သွယ်မှုကြောင့် ထိခိုက်နစ်နာရသည့် အဓိကကဏ္ဍများမှာ ဆေးလိပ်၊ အရက်၊ အဖျော်ယမကာ၊ အရုပ်နှင့် ကစားစရာဂိမ်းများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ဆေးဝါး၊ စိုက်ပျိုးရေးဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများ၊ မူပိုင်ခွင့် ခိုးကူးခြင်းများ အစရှိသည်တို့ ဖြစ်ပါသည်။ ထို့အပြင် e-Commerce လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်တင်သွင်းမှုများတွင် ပါဆယ်ထုပ်ငယ်များ၊ အွန်လိုင်းဈေးဝယ်ယူမှုများကြောင့်လည်း တရားမဝင်ကုန်သွယ်မှုများ တိုးပွားလာခြင်းကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံနှင့် တရားမဝင်ကုန်သွယ်မှု**

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်တွင် အကောင်းဆုံးဟု သတ်မှတ်ထားသည့် ကျောက်စိမ်းများ အဓိကထွက်ရှိရာနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းများနှင့်ပတ်သက်၍ နိုင်ငံတကာ NGO အဖွဲ့တစ်ခုဖြစ်သည့် Global Witness အဖွဲ့၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ တရားမဝင် တင်ပို့နေခြင်းများဖြစ်၍ နိုင်ငံတော်၏ အခွန်ဝင်ငွေများ များစွာဆုံးရှုံးလျက်ရှိကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် တရားမဝင် သစ်ခိုးထုတ်ခြင်း၊ စံချိန်စံညွှန်း အရည်အသွေးပြည့်ဝခြင်းမရှိသည့် ကုန်ပစ္စည်းများ၊ ဆေးဝါးအတု သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများနှင့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်းများလည်း ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ တရားမဝင်ကုန်သွယ်မှုများကို ကုန်ပစ္စည်းအုပ်စုအလိုက် ခွဲခြမ်းစိတ်ဖြာကြည့်ပါက ပို့ကုန်ကဏ္ဍတွင် တွင်းထွက်သတ္တုရိုင်းများ၊ သတ္တုအမျိုးမျိုး၊ အဖိုးတန်သတ္တုများနှင့် ရှားပါးဒြပ်စင်များဖြစ်ပြီး သွင်းကုန်ကဏ္ဍတွင် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ချည်မျှင်နှင့် အဝတ်အထည်များ၊ စက်ယန္တရားများ၊ စက်ပစ္စည်းများနှင့် အခြားကုန်စည်အမျိုးမျိုးတို့ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုစာရင်း ဇယားများ နှိုင်းယှဉ်ကြည့်ခြင်း**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကိစ္စရပ်များကို ဆောင်ရွက်နေသည့် ကုန်သည်လုပ်ငန်းရှင်များနှင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တင်ပြချက်အစီရင်ခံစာများအရ မြန်မာနိုင်ငံ၏ တရားဝင်ကုန်သွယ်မှုစာရင်းနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ စာရင်းဇယားများ နှိုင်းယှဉ်မှုတွင် ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃၉ ဘီလီယံနှင့် သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၁ ဘီလီယံ ကွာခြားခြင်းဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏ ကွာခြားချက်အနေဖြင့် ၁၁ ဒသမ ၉၄၉ ဘီလီယံ ကွာခြားနေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကိန်းဂဏန်းများနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုကိန်းဂဏန်းကွာခြားချက်မှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၄၃ ဘီလီယံ ကွာခြားကြောင်း တွေ့ရှိရ၍ ယင်းကွာခြားချက်ပမာဏများသည် တရားမဝင်ကုန်သွယ်မှုပမာဏများဖြစ်နိုင်ကြောင်း ယေဘုယျအားဖြင့် သုံးသပ်ရရှိနိုင်ပါသည်။

**တရားမဝင်ကုန်သွယ်မှုများကြောင့် ထိခိုက်နစ်နာမှုများ**

အထက်ပါ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် အခွန်ငွေနစ်နာမှု၊ နိုင်ငံခြားအရန်ငွေဆုံးရှုံးမှု၊ စာရင်းအင်းအချက်အလက်များ မှားယွင်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်မှု၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် ထိခိုက်နစ်နာမှု၊ စားသုံးသူပြည်သူများအပေါ် ထိခိုက်နစ်နာမှုနှင့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT) က ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုဈေးကွက်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံခန့်ရှိပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်းနှင့် အာဆီယံနိုင်ငံများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရာတွင် အောက်ပါအချက်များကို အလေးထားဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်–

(က) တရားဥပဒေစိုးမိုးရေး အားကောင်းအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊

( ခ ) အကောက်ခွန်ဝန်းကျင်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း၊

( ဂ ) သန့်ရှင်းသော ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) အမြန်ချောပို့နှင့် စာတိုက်ကဏ္ဍတွင် တရားမဝင်ကုန်သွယ်မှုကို ကိုင်တွယ်ဖြေရှင်းခြင်း၊

( င ) တရားမဝင်ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်များ မြှင့်တင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများအပေါ် ခြိမ်းခြောက်လျက်ရှိသည့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရန်အတွက် သက်ဆိုင်ရာဌာနများ အပါအဝင် Stakeholders အားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ စဉ်ဆက်မပြတ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော် ရေးသားတင်ပြလိုက်ရပါသည်။ ။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု သွားရောက်အားပေးထောက်ပံ့




**ပဲခူး အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားများ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုအား သွားရောက်ကြည့်ရှု အားပေးထောက်ပံ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပဲခူးမြို့ အားကစားဥယျာဉ်၌ အမျိုးသား/အမျိုးသမီးဖူဆယ် အားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အောက်တိုဘာလအတွင်း ရန်ကုန်မြို့၌ ကြီးမှူးကျင်းပခဲ့သည့် အသက်(၁၉)နှစ်အောက် Royal D Cup ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ပထမဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာ့သိုင်း၊ ဗိုဗီနမ်နှင့် လက်ဝှေ့ အားကစားနည်းအလိုက် စခန်းသွင်း လေ့ကျင့်နေမှု လည်းကောင်း(ဓာတ်ပုံ)၊ ပဲခူးတက္ကသိုလ်၌ အမျိုးသား/အမျိုးသမီး ဘော်လီဘောအားကစားနည်း စခန်းသွင်း လေ့ကျင့်နေမှုအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အားကစားသမားများအတွက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အားကစားသမားများ နေထိုင်စားသောက်ရေးကောင်းမွန်မှုရှိစေရန်၊ ကျန်းမာရေးအဖွဲ့များ ထားရှိပေးရန်၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိသုံးစွဲနိုင်ရေး စီစဉ်ပေးရန်နှင့် အားကစားနည်းအလိုက် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို တစ်ပါတည်း ရှင်းလင်းသင်ကြားပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဖူဆယ်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကြည့်ရှုအားပေး

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၂၈ ရက်က တိုင်းဒေသကြီး အားကစားကွင်း၌ နေပြည်တော်တွင်ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို မကွေးတိုင်းဒေသကြီးမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ဖူဆယ် အားကစားပြိုင်ပွဲဝင်များအား တိုင်းဒေသကြီး ဖူဆယ် အားကစားရုံတွင် စခန်းသွင်းလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများထောက်ပံ့ကာ တိုင်းဒေသကြီး အားကစားကွင်း၌ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။



မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဖူဆယ် အားကစားအသင်းအနေဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် လက်ရွေးစင်အားကစားသမားများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကျင်းပသည့် အပျော်တမ်း ဖူဆယ်ပြိုင်ပွဲမှ ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်း ကစားသမားများကို ရွေးချယ်ကာ အောက်တိုဘာ ၁၀ ရက်မှစတင်၍ နှစ်လကြာ အားကစားစခန်းသွင်း စုစည်းလေ့ကျင့်လျက်ရှိပြီး အားကစားနည်း ၂၃ မျိုးတွင် ပြိုင်ပွဲဝင်အားကစားသမား ၄၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သင်္ဃန်းကျွန်းမြို့နယ်၌ ပြည်ထောင်စုရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**သင်္ဃန်းကျွန်း အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၌ သမဝါယမ အသင်းစုချုပ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ကြီးပွားရေးရပ်ကွက် ကြီးပွားရေးနှစ်ကျိတ်ရှစ်ဆူဓမ္မာရုံ၌ အောက်တိုဘာ ၂၆ ရက်က မြို့နယ်သမဝါယမ ဦးစီးဌာနမှ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် သဘာပတိ အဖြစ်အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ဆောင်ရွက်ပြီး သင်္ဃန်းကျွန်း မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုစာရင်းကိုလည်းကောင်း၊ အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော အသင်းဝင်ကိုယ်စားလှယ်များ၏ သဘောတူအတည်ပြုဆုံးဖြတ်ခဲ့သည်။



အဆိုပါ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးသို့ သမဝါယမနှင့် အသင်းစုချုပ် အမှုဆောင်အဖွဲ့များ၊ ဖိတ်ကြားထားသော အမှုဆောင်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းအောင်**

## ရေဦးမြို့နယ်၌ တစ်ပိုင်တစ်နိုင် ဂန္ဓမာပန်းများ စိုက်ပျိုးဖြစ်ထွန်း

**ရေဦး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မကျီးတောကျေးရွာတွင် ဒေသခံအများစုသည် တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်ပြီး ဆောင်းသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ မုန်လာဥဖြူနှင့် ဂန္ဓမာပန်းပင်များ နေအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားရာ ပန်းပင်များစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

ဂန္ဓမာပန်းစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ ဦးခင်မောင်အေးက "ကျွန်တော်တို့ ဒေသအခြေအနေအရ အခုလို မိမိနေအိမ်ခြံဝင်းထဲမှာ တစ်ပိုင်တစ်နိုင် ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြစ်ပါတယ်။ အပင်အရေအတွက်က ၁၂၀၀၀ ခန့် စိုက်ထားပါတယ်၊ ကုန်ကျစရိတ်ငွေကျပ် သိန်းကျော်ကုန်ကျပါတယ်။ တစ်ပိုင်တစ်နိုင် အပိုဝင်ငွေရဖို့ သီးနှံတစ်ခုခု စိုက်သင့်ပါတယ်။ အခုလက်ရှိအနေအထားအရ ကျွန်တော့်ဂန္ဓမာပန်းပင်တွေကတော့ ဖြစ်ထွန်းနေသလို ဈေးကောင်းရလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ဒေသမှာ ဂန္ဓမာတစ်ခက်ကို ငွေကျပ်တစ်ထောင် ဝယ်ယူနေရပါတယ် "ဟု ပြောသည်။

ဂန္ဓမာပန်းပင်သည် အမျိုးမျိုးရှိပြီး မြေဩဇာကောင်းသည့် မြေမျိုးတွင် ပိုမိုရှင်သန်ဖြစ်ထွန်းကာ အပင်သက်တမ်း သုံးလခွဲရှိလျှင် စတင်ခူးဆွတ်နိုင်ကြောင်းသိသည်။

**သန်းသန်း (ရေဦး)**



## ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ



**ကျောက်တန်း အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ တောင်သူဦးဝင်းမြင့် ပိုင်ဆိုင်သော ကွင်း ၆၃၈ ဘီ၊ ဦးပိုင်အမှတ် ၉၄၊ ဧရိယာဧက ၅ ဒသမ ၂၅ ဧကရှိ မျိုးစေ့ချကိရိယာ Seeder ဖြင့် စိုက်ပျိုးထားသော မျိုးမှော်ဘီ - ၃ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၈ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးမျိုးသန်းနှင့်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများတက်ရောက်ကြပြီး တစ်ဧကလျှင် အစိုထွက်တင်း ၁၀၈ ဒသမ ၅၄ တင်းနှင့်အခြောက်တင်း ၉၈ ဒသမ ၃၈ တင်းနှုန်းထွက်ရှိပြီး စံကွက်ရိတ်သိမ်းမှု ၀ ဒသမ ၁၀ ဧက ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## မိတ္ထီလာမြို့နယ် စက်မှုဇုန်၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ မဲပေးရွေးချယ်



**မိတ္ထီလာ အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရွေးချယ်ပွဲကို အောက်တိုဘာ ၂၇ ရက်က စက်မှုဇုန်ခန်းမ၌ ကျင်းပသည်။

မိတ္ထီလာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ရွေးချယ်ပွဲတွင် မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ စိစစ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက စက်မှုဇုန်အသီးသီးတွင် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်ရှိ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များထဲမှ အစုအဖွဲ့အလိုက်ဆန်ခါတင် ကိုယ်စားလှယ်လောင်း ၃၀ အနက်မှ ၁၄ ဦးကို စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် မိတ္ထီလာခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းကြိုင်က မိတ္ထီလာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရွေးချယ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကော်မတီအတည်ပြု ၁၄ ဦး အပြီးသတ်ရွေးချယ် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လုပ်ငန်းရှင်များက ရွေးချယ်ထားသည့် စီမံခန့်ခွဲရေးကော်မတီ ပဏာမကိုယ်စားလှယ် ၃၀ အနက်မှ ကော်မတီဝင် ၁၄ ဦးကို မဲပေးရွေးချယ်သည်။

ယင်းနောက် ရွေးချယ်ပြီး ကော်မတီဝင် ၁၄ ဦးနှင့် ဌာနဆိုင်ရာ ခုနစ်ဦး စုစုပေါင်း ၂၁ ဦးအား စီမံခန့်ခွဲရေးကော်မတီဝင်အဖြစ် အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တွံတေးမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၆၅၀ လွှဲပြောင်း

**တွံတေး အောက်တိုဘာ ၂၈**

တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၆၅၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က အဆိုပါမြို့နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်သက်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ယဉ်ယဉ်ဌေးက စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းဝင် ကျေးရွာများမှ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျောက်စရစ်ကုန်း ကျေးရွာ၊ တူးချောင်းလေးကျေးရွာ၊ အစုလေးကျေးရွာ၊ ပဒံရေကျော်ကျေးရွာ၊ ကျောက်ပုန်းကျေးရွာ၊ ကွင်းပေါက်ကျေးရွာ၊ မြက်နီကုန်းကျေးရွာ၊ ကလီထော်ကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ ရွာတန်းရှည်ကျေးရွာနှင့် ခတ္တယရွာသစ်ကျေးရွာ စုစုပေါင်း ကျေးရွာ ၁၁ မှ ကော်မတီဝင်များထံသို့ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ စီ လွှဲပြောင်းပေးအပ်သည်။

** JJJ**

## ကလောမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

**ကလော အောက်တိုဘာ ၂၈**

ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၂၂ ရက်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား ကျောင်းစာအပြင်၊ ပြင်ပဗဟုသုတများ ရရှိစေရေး၊ အားလပ်ချိန်တွင် စာအုပ်စာစောင်များဖတ်၍ အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရေးနှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သုတ၊ ရသစာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဖွဲ့စည်း

**ရမည်းသင်း အောက်တိုဘာ ၂၈**

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံများ ထုတ်ချေးသွားမည်ဖြစ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက သိမ်ကုန်းကျေးရွာ၌ ဆောင်ရွက်သည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေး ပေးသွားမည်ဖြစ်၍ ကျေးရွာသူ ကျေးရွာသားများက အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးသည်။

**မောင်ခိုင်**

## ပျော်ဘွယ်မြို့နယ်ရှိ ရေဘေးကြောင့် နေအိမ်ပျက်စီးမှုနှင့် သေဆုံးသူများအား ထောက်ပံ့

**ပျော်ဘွယ် အောက်တိုဘာ ၂၈**

ပျော်ဘွယ်မြို့နယ်၌ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် နေအိမ်ပျက်စီးသူများ၊ လူသေဆုံးမှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် အလှူငွေများအား ထပ်ဆင့်ပေးအပ်ပွဲကို အောက်တိုဘာ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က မြို့နယ်အတွင်းရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများ၊ ကူညီထောက်ပံ့ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ရေဘေးအန္တရာယ်ခံစားခဲ့ရသူများ အနေဖြင့်လည်း စိတ်အားငယ်မှု မရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် အလှူငွေများကို ထပ်ဆင့်ပေးအပ်သည်။ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ပျော်ဘွယ်မြို့နယ်အတွင်း ရေဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးခဲ့သည့် ၂၉ အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ရေနစ်မြုပ်မှုကြောင့် လူသေဆုံးခဲ့သည့် ပြည်သူ ၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၀ ကို ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရပ်စောက်မြို့နယ်၌ မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**ရပ်စောက် အောက်တိုဘာ ၂၈**

ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ကျောက်တောကျေးရွာအုပ်စု ကျောက်တောခေတ်မီစံပြကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည်။

ကျောက်တောခေတ်မီစံပြကျေးရွာ ရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေကျပ်သန်း ၁၃၇ ဒသမ ၆၁၀ ဖြင့် တင်ဒါအောင်မြင်သည့် ခိုင်ပဒေသာထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ အရှည် သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်၊ တောင်ကြီးခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာမှတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**နိုင်ဌေးအောင်**



# မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် တာဝန်အပြည့်ရှိဟု ဖိလစ်ပိုင်သမ္မတဟောင်း ရိုဒရီဂို ဒူတာတေး ဝန်ခံပြောကြား

**မနီလာ အောက်တိုဘာ ၂၈**

လူထောင်ပေါင်းများစွာ သေဆုံးခဲ့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်မှု၌ မိမိတွင် တာဝန်အပြည့်ရှိကြောင်း ဖိလစ်ပိုင်သမ္မတဟောင်း ရိုဒရီဂို ဒူတာတေးက ဝန်ခံပြောကြားလိုက်သည်။

ဒူတာတေးသည် အောက်တိုဘာ ၂၈ ရက်တွင် အထက်လွှတ်တော်ကြားနာပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ ဖိလစ်ပိုင်လွှတ်တော်အမတ်များသည် ၂၀၁၆ ခုနှစ်မှစကာ ခြောက်နှစ်တာ ကာလအတွင်း ဒူတာတေးလုပ်ဆောင်ခဲ့သည့် သွေးစွန်းနေသော ဖြိုခွင်းမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါ စစ်ဆင်ရေးလှုပ်ရှားမှုတွင် လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အစိုးရက ပြောသည်။

စစ်ဆင်ရေးအတွက် မိမိတစ်ဦးတည်းသာ တာဝန်အပြည့်အဝရှိကြောင်း၊ ထောင်ထဲရောက်ရမည့်သူမှာ မိမိသာလျှင်ဖြစ်ကြောင်းနှင့် မိမိအမိန့်ကို နာခံသောရဲများမဟုတ်ကြောင်း ဒူတာတေးက ပြောကြားလိုက်သည်။

သို့သော်လည်း ဒူတာတေးသည် အဆိုပါစစ်ဆင်ရေးနှင့် ပတ်သက်ပြီး တောင်းပန်မှု တစ်စုံတစ်ရာ မပြုလုပ်ခဲ့ချေ။ မိမိနိုင်ငံအတွက် မိမိလုပ်စရာရှိသည်ကို လုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

အထက်လွှတ်တော်အပြင်ဘက်တွင် ဖြိုခွင်းမှုအတွင်း သေဆုံးခဲ့သူများ၏ ဆွေမျိုးများနှင့် မိသားစုများ စုရုံးပြီး တရားမျှတမှုကို တောင်းဆိုခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးက ဒူတာတေး၏ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးလှုပ်ရှားမှုကို လူသားမျိုးနွယ်အပေါ် ကျူးလွန်နိုင်သည့် ရာဇဝတ်ပြစ်မှုအဖြစ် စုံစမ်းစစ်ဆေးလျက်ရှိသည်။




အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသည် ဖိလစ်ပိုင်နိုင်ငံ၏အချုပ်အခြာအာဏာကို ခြိမ်းခြောက်လျက်ရှိပြီး စုံစမ်းစစ်ဆေးရေးကို ကူညီနိုင်မည်မဟုတ်ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောကြားလိုက်သည်။ ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် အဆိုပါတရားရုံးမှ နုတ်ထွက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေးရန် လာအို စီစဉ်

**ဗီယင်ကျန်း အောက်တိုဘာ ၂၈**

လာအိုအစိုးရသည် စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း အခြေခံလိုအပ်ချက်များအတွက် အသုံးစရိတ် ကာမိစေရန် အစိုးရဝန်ထမ်းများအား အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေးရန် စီစဉ်နေကြောင်း သိရသည်။

အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် အစိုးရ၏ လစဉ်အစည်းအဝေးတွင် ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ အကြီးတန်း အရာရှိများ၊ ပြည်နယ်ခေါင်းဆောင်များသည် အစိုးရ ဝန်ထမ်းများအတွက် အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ခြင်း၊ လာမည့်နှစ်တွင် အစိုးရဌာနအသီးသီးအတွက် ဝန်ထမ်းခွဲတမ်းများ ချိန်ညှိခြင်းတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။

အစိုးရဝန်ထမ်းများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန် လစာငွေပေးချေမှု၊ မူဝါဒ ပြင်ဆင်မွမ်းမံခြင်းနှင့် စပ်လျဉ်းသော လာအိုပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုပြုချက် တစ်ရပ်ကို တက်ရောက်လာသူများက အတည်ပြုခဲ့ကြောင်း အောက်တိုဘာ ၂၈ ရက်တွင် လာအိုသတင်းဌာနက အစီရင်ခံဖော်ပြထားသည်။

အစိုးရ၏ လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အကျိုးရှိရှိ ဆက်လက်လည်ပတ်ဆောင်ရွက် နိုင်ရေးအတွက် လုံလောက်သော အရာရှိများ ခန့်ထားနိုင်ရေးနှင့် ပတ်သက်ပြီးလည်း အဆိုပါ အစည်းအဝေးတွင် သဘောတူခဲ့ကြသည်။



လာအိုနိုင်ငံရှိ အထည်ချုပ်စက်ရုံလုပ်ငန်းကို တွေ့ရစဉ်။

ငွေကြေး ဖောင်းပွမှုကို ကိုင်တွယ် ဖြေရှင်းရာတွင် အစိုးရသည် အစိုးရလုပ်ငန်းစီမံချက်အရ သဘောတူထားသော အစီအမံများအပြင် ပါတီ၏ လမ်းညွှန်ချက်များကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

လာအိုစာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်အရ လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ဩဂုတ်လတွင် ၂၄ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ စက်တင်ဘာလတွင် ၂၁ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျာမနီရှိ ဖော့စ်ဝက်ဂွန် စက်ရုံ သုံးရုံ ပိတ်သိမ်းရန် စီစဉ်နေ

**ဘာလင် အောက်တိုဘာ ၂၈**

ဂျာမန် မော်တော်ကား ကုမ္ပဏီ ဖော့စ်ဝက်ဂွန်က ဂျာမနီရှိ အနည်းဆုံးစက်ရုံသုံးခုကို ပိတ်သိမ်းကာ လူပေါင်းသောင်းနှင့်ချီ၍ အလုပ်အကိုင်လျှော့ချသွားမည်ဟု ဝန်ထမ်းများထံသို့ ကုမ္ပဏီက ဆက်သွယ်အကြောင်းကြားပြီးဖြစ်ကြောင်း ကုမ္ပဏီ၏ အလုပ်သမားကောင်စီအကြီးအကဲက အောက်တိုဘာ ၂၈ ရက်က ပြောကြားသည်။

**ကျန်နေရာများကိုလည်း အလုပ်အကိုင်လျှော့ချသွားဖွယ်ရှိ**

ဂျာမနီရှိ ဖော့စ်ဝက်ဂွန် စက်ရုံများအားလုံးသည် အဆိုပါအစီအစဉ်ကြောင့် သက်ရောက်မှုရှိမည်ဖြစ်ပြီး ကျန်နေရာများကိုလည်း အလုပ်အကိုင်လျှော့ချသွားဖွယ်ရှိကြောင်း ဒန်နီရယ်လာ ကာဗယ်လိုက အတည်ပြု ပြောကြားသည်။

ဝုဖ်ဘတ်ရှိ ဖော့စ်ဝက်ဂွန်ရုံးချုပ်၌ ပြုလုပ်သည့် ဝန်ထမ်းများ တွေ့ဆုံပွဲတစ်ခုတွင် ၎င်းက ဤအချက်အလက်များကို ထုတ်ဖော်ပြောဆိုခဲ့ပြီး အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်းမရှိသေးကြောင်း ဂျာမန်သတင်းအေဂျင်စီက ဆိုသည်။

**အစုအပြုံလိုက်အလုပ်ထုတ်ခြင်းလုပ်ဆောင်ရတော့မည်**

ဖော့စ်ဝက်ဂွန်က ဂျာမနီတွင် စက်ရုံ ၁၀ ရုံဖွင့်လှစ်ထားပြီး ဝန်ထမ်းပေါင်း ၁၂၀၀၀၀ ခန့် ခန့်အပ်ထားသည်။ ကုန်ကျစရိတ်များ မြင့်တက်လာမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စက်ရုံပိတ်သိမ်းမှုများနှင့် အစုအပြုံလိုက် အလုပ်ထုတ်ခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း စက်တင်ဘာလ အစောပိုင်းကတည်းက ကုမ္ပဏီက ကြေညာခဲ့သည်။ **ဆင်ဟွာ**

## အီရတ်လက်နက်ကိုင်အဖွဲ့က ဆီးရီးယားရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို တိုက်ခိုက်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၈**

ဆီးရီးယားရှိ အမေရိကန်စစ်ဘက်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်နှင့် ဒရုန်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း အီရတ်ပြည်သူ့စစ်အဖွဲ့က အောက်တိုဘာ ၂၈ ရက်တွင် ပြောသည်။

**အသေးစိတ်ဖော်ပြထားခြင်းမရှိ**

အီရတ်၊ ဂျော်ဒန်နှင့် ဆီးရီးယားနယ်စပ်အနီး အယ်တန်းဖ်စစ်ဘက်အခြေစိုက်စခန်းတစ်ခုကို အောက်တိုဘာ ၂၇ ရက်ညပိုင်းတွင် ဒုံးကျည်နှင့် ဒရုန်း အမြောက်အမြားပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း အွန်လိုင်းထုတ်ပြန်ချက်တစ်ခုတွင် အဆိုပါအဖွဲ့က ဖော်ပြထားသည်။ သို့သော်လည်း နောက်ထပ်အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။

**ဆက်လက်လုပ်ဆောင်သွားမည်**

အမေရိကန်တပ်ဖွဲ့များ အီရတ်မြေမှ နောက်ဆုံးထွက်ခွာသွားသည်အထိ တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က အယ်တန်းဖ်အခြေစိုက်စခန်း တိုက်ခိုက်ခံရမှုကို အတည်ပြုခဲ့သည်။

**ဒရုန်းတစ်စင်းကို ပစ်ချ**

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က အယ်တန်းဖ်အခြေစိုက်စခန်းအနီး အီရတ်၊ ဆီးရီးယားနှင့် ဂျော်ဒန်နယ်စပ်တွင် ဒရုန်းတစ်စင်းကို ပစ်ချခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားနိုင်ငံ၌ ကမ္ဘာ့မြည်းရိုင်း ၈၀ ရာခိုင်နှုန်း ကျက်စားရာနေရာဖြစ်လာ

**အူလန်ဘာတာ အောက်တိုဘာ၂၈**

မွန်ဂိုလီးယားနိုင်ငံတွင် ဂိုဘီကူလန်ဟုခေါ်သည့် တောမြည်းရိုင်း ခန့်မှန်းကောင်ရေ ၉၀၀၀၀ ခန့်အထိ ရှိလာခဲ့ပြီး ကမ္ဘာ့မြည်းရိုင်းကောင်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း မွန်ဂိုလီးယား သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနက အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ပြန်သည်။



မွန်ဂိုလီးယားနိုင်ငံ ဂိုဘီဒေသ၌ တောမြည်းရိုင်းအချို့ကို တွေ့ရစဉ်။

အဆိုပါ တောမြည်းရိုင်းများသည် မွန်ဂိုလီးယားနိုင်ငံ ဂိုဘီဒေသတွင် ခန့်မှန်းစတုရန်းကီလိုမီတာ ၂၆၂၀၀၀ အကျယ်အဝန်းတွင် ကျက်စားလျက်ရှိကြောင်း ဝန်ကြီးဌာနက ဆိုသည်။

မွန်ဂိုလီးယား တောမြည်းရိုင်းများသည် ကောင်ရေများစွာ တိုးတက်လာသော်လည်း ၎င်းတို့၏ အသားနှင့်ခွာများကို တရားမဝင် အမဲလိုက်ခြင်း အပါအဝင် ခြိမ်းခြောက်မှုများ ဆက်လက်ရင်ဆိုင်နေရသည်။ အဆိုပါစိန်ခေါ်မှုများကို တုံ့ပြန်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနက နှစ်စဉ် အောက်တိုဘာ ၂၅ ရက်ကို "တောမြည်းရိုင်းထိန်းသိမ်းရေးနေ့"အဖြစ် သတ်မှတ်ကျင်းပသွားမည်ဖြစ်ကာ ယခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့သည်။ **ဆင်ဟွာ**

# ဖွံ့ဖြိုးတိုးတက်ရေးခြေလှမ်းများဆီ တဖြည်းဖြည်းသွားနေပြီဖြစ်သည့် အာဖဂန်

နွယ်နီလင်း

**အာဖဂန်နစ္စတန်နိုင်ငံသည် ဆယ်စုနှစ်များအတွင်း စစ်ဒဏ်ကို ကြုံတွေ့ခဲ့ရသောကြောင့် နိုင်ငံအတွင်းရှိ အခြားအခြေခံအဆောက်အအုံများကဲ့သို့ ကျန်းမာရေးကဏ္ဍမှာလည်း ဆိုးရွားစွာပျက်စီးခဲ့သည်။ အာဖဂန်အစိုးရသည် အထူးသဖြင့် နိုင်ငံအတွင်း အစိုးရဆေးရုံများ ပြန်လည်လည်ပတ်နိုင်ရန် မျှော်လင့်ထားသည်ထက် ပိုကြာမည်ဟု မျှော်လင့်မိသော်လည်း ကျန်းမာရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိသည်။**

အာဖဂန်နိုင်ငံသည် စစ်ပွဲဒဏ်ကို ၄၅ နှစ်ကြာ ရင်ဆိုင်ခဲ့ရသော်လည်း ယခုအခါ ကျန်းမာရေးကဏ္ဍတွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ ဆောင်ကြဉ်းပေးရန် ပံ့ပိုးပေးသည့်အရာများ ပြန်လည်ရရှိလာပြီဖြစ်သည်ဟု အက်စ်တီကလယ် အစိုးရပိုင်ဆေးရုံမှ အကြီးအကဲဖြစ်သူ မီယာဝေ့စ်က ဆိုသည်။

အာဖဂန်နစ္စတန်၌ ကျန်းမာရေးကဏ္ဍများ ပြန်လည်ထူထောင်ရန် နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့ပေးမှုနှင့် အချိန်များ ပိုမိုလိုအပ်သည်ဟု အာဏာပိုင်များက ဆိုသည်။

ဆေးရုံအတွင်း အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ကြည့်ရှုသည့်အခါ ခွဲစိတ်မှုလုပ်ငန်းအားလုံးသည် ခေတ်မမီသည့် ခွဲစိတ်မှုအစား လက်ရှိတွင် ခန္ဓာကိုယ်တွင်းအင်္ဂါစစ်ဆေးမှုနည်း (laparoscopy)ဖြင့် ပြုလုပ်လျက်ရှိသည်ဟု မီယာဝေ့စ်က ဆိုသည်။

"ဆေးရုံမှာရှိတဲ့ ခွဲစိတ်မှုအားလုံးကို ခန္ဓာကိုယ်တွင်း အင်္ဂါစစ်ဆေးမှုနည်းဖြင့် ခွဲစိတ်မှုပြုလုပ်ပါတယ်၊ အခမဲ့ဆေးကုသမှု ခံယူနိုင်ဖို့အတွက် စိုးရိမ်ရတဲ့အခြေအနေမှာရှိတဲ့ လူနာအားလုံးကို အထူးကြပ်မတ်ကုသဆောင် (အိုင်စီယူ)ကို အပြည့်အဝထားပေးပါတယ်၊ လူနာအားလုံးဟာ သူတို့ရရှိတဲ့ ဝန်ဆောင်မှုတွေကို စိတ်ကျေနပ်ကြတယ်၊ ဒါဟာ ကြီးမားတဲ့ အောင်မြင်မှုတစ်ခုဖြစ်တယ်" ဟု ၎င်းကဆိုသည်။

ခုတင် ၄၁၂ ခုရှိသည့် အက်စ်တီကလယ်ဆေးရုံသည် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ အစိုးရဆေးရုံများအကြား နာမည်ကြီးပြီး ဝန်ထမ်းပေါင်း ၆၂၉ ဦး ရှိသည်။ အဆိုပါဆေးရုံသည် လွန်ခဲ့သည့်နှစ်များအတွင်း ဗုံးပေါက်ကွဲမှုများအတွက် ဒဏ်ရာရရှိသူများကို အဓိကထား ဆေးကုသမှုပေးလျက်ရှိသော်လည်း ယခုအခါ ပုံမှန်လူနာများကိုပါ ဆေးကုသမှုပေးနေပြီဖြစ်သည်။

**နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီများက ကျန်းမာရေးကဏ္ဍကို ကူညီပံ့ပိုးပေးလျက်ရှိ**

နိုင်ငံတကာ ကြက်ခြေနီအသင်းကော်မတီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီများက အာဖဂန်နစ္စတန်နိုင်ငံရှိ ဆေးရုံဝန်ထမ်းများကို လစာများပေးခြင်းနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းဖြင့် ကျန်းမာရေးကဏ္ဍကို ကူညီပံ့ပိုးပေးလျက်ရှိသည်။

ဆက်လက်၍ အာဖဂန်နိုင်ငံ ကဘူးလ်မြို့၏အနောက်ဘက် ၃၅ ကီလိုမီတာအကွာရှိ ဝါဒ့ါခ်ပြည်နယ်၏ အပြင်ဘက် ခြံအတွင်း ခူးဆွတ်နေသည့် ပန်းသီးခြံပိုင်ရှင် အက်ခ်မယ်ခန်းက ယခုနှစ်အတွင်း ပန်းသီးများ ရောင်းချခြင်းမှ အမြတ်များများရရှိမည်ဟု ယုံကြည်နေသည်။

"မိသားစုဝင်တွေနဲ့အတူ ဈေးဝယ်အိတ်ထဲကို ပန်းသီးတွေထုပ်ပိုးပြီး အလုပ်ရှုပ်နေပါတယ်၊ ရောင်းချဖို့အတွက် ဒီနေ့မနက်အထိ ပန်းသီးအိတ် ၂၀၀၀ ထုပ်ပိုးထားပြီးပြီ၊ အိတ်တစ်လုံးစီမှာ အလေးချိန် ခုနစ်ကီလိုဂရမ် ရှိပါတယ်၊ ပန်းသီးတွေခူးဆွတ်ဖို့အတွက် အလုပ်သမားအဖွဲ့ကို တစ်နေ့ အာဖဂန်နီ ၃၅၀ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဒေါ်လာ) ကုန်ကျပါတယ်" ဟု အသက် ၃၅ နှစ်အရွယ် ခန်းက ဆိုသည်။

အခုနှစ် ပန်းသီးခူးဆွတ်ချိန်မှာ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး ဝင်ငွေ အာဖဂန်နီ ၅၀၀၀၀ မှ ၂၀၀၀၀၀ အထိ (အမေရိကန်ဒေါ်လာ ၇၅၀ မှ ၃၀၀၀ ခန့်အထိ) ရရှိမယ်လို့ မျှော်လင့်မိပါတယ်" ဟု ၎င်းက ဆိုသည်။

ယခုအခါ အာဖဂန်နိုင်ငံရှိ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေး၊ သစ်သီးခြံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးကို အမှီသဟဲပြုနေသည်။ ယခုအခါ အာဖဂန်လယ်သမားများက ဂျုံ၊ စပါးနှင့် စပျစ်၊ တလည်းသီးတို့ကိုလည်း တိုးချဲ့စိုက်ပျိုးလာသည်။

အာဖဂန်နိုင်ငံ၌ လတ်ဆတ်သော သစ်သီးခြောက်များသည် နိုင်ငံအတွက် အဓိကပို့ကုန်များဖြစ်ပြီး လွန်ခဲ့သည့် ခြောက်လအတွင်း သစ်သီးဝလံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁ သန်းရရှိသည်ဟု စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ခွန်ဇာဒါ အဗ္ဗဒူ ဆလံ ဂျာဝက်က ဆိုသည်။

အာဖဂန်နစ္စတန်၌ ယခုနှစ်ကိုးလအတွင်း သီးနှံထွက်ကုန်များ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၃၇ သန်း ရရှိသည်ဟု နိုင်ငံပိုင် ဘက်ခ်ဟာသတင်းအေဂျင်စီက ဆိုသည်။ ပြည်ပပို့ကုန်များမှာ လတ်ဆတ်သည့် သစ်သီးများ၊ သစ်သီးခြောက်များ၊ ဝါဂွမ်း၊ ဟင်းသီးဟင်းရွက်များ၊ စပျစ်သီးခြောက်၊ စပျစ်သီးနှင့် ကတွတ်သီးတို့ ဖြစ်ကြသည်။

အဆိုပါသီးနှံများကို တရုတ်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ အိန္ဒိယ၊ ရုရှား၊ ဂျာမနီ၊ ဥဇဘက်ကစ္စတန်၊ ပါကစ္စတန်၊ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့သို့ အများဆုံးတင်ပို့သည်။ အာဖဂန်နစ္စတန်၌ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် အစိုးရက ရင်းနှီးမြှုပ်နှံသူများအား စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် လယ်သမားများအား ထုတ်လုပ်မှုတိုးမြှင့်ရန် တိုက်တွန်းထားသည်။

ထို့ပြင် လက်ရှိတွင်လည်း အာဖဂန်နစ္စတန်မြောက်ပိုင်း ဆာရီပူပြည်နယ်၌ နေ့စဉ် ရေနံစိမ်း တန် ၁၃၀၀ ထုတ်ယူရရှိသည်ဟု အာဖဂန်အိမ်စောင့်အစိုးရ၏ သတ္တုတွင်းနှင့် ရေနံဝန်ကြီးဌာနက ဆိုသည်။

ကာ့ရှ်ကာရီ၊ အန်ဂတ်နှင့် အက်ခ်ဒါယာဒေသတို့ရှိ ရေနံတွင်း ၂၁ တွင်းမှ ရေနံစိမ်းထုတ်ယူမှု လုပ်ငန်းများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။ အဆိုပါဒေသရှိ နောက်ထပ် ရေနံတွင်း ၂၅ တွင်းကိုလည်း မကြာမီတူးဖော်ခြင်းနှင့် ပြုပြင်ခြင်းတို့ ပြုလုပ်မည်ဟု သတ္တုတွင်းနှင့် ရေနံဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမာယန်းက ဆိုသည်။

**လူပေါင်း ၃၀၀၀ ကို အလုပ်အကိုင်အခွင့်အလမ်းများပေး**

ရေနံစိမ်းထုတ်ယူခြင်း လုပ်ငန်းမှ လူပေါင်း ၃၀၀၀ ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အလုပ်အကိုင်အခွင့်အလမ်းများပေးသည်ဟု ၎င်းက ဆက်ပြောသည်။ အဆိုပါလုပ်ငန်းသည် သဘာဝဓာတ်ငွေ့အရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး မြောက်ပိုင်း ဂျော်ဂျန်ပြည်နယ်၌ ဓာတ်ငွေ့ထုတ်ယူခြင်းဆိုင်ရာ သဘောတူစာချုပ်ကို နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် လက်မှတ်ရေးထိုးထားသည်ဟု ဝန်ကြီးဌာနက ဆိုသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း အာဖဂန်အိမ်စောင့်အစိုးရ တာဝန်ယူသည့် အချိန်မှစကာ နိုင်ငံတစ်ဝန်း သတ္တုတွင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်ယူရန်အတွက် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုခဲ့သည်။

အာဖဂန်နိုင်ငံ၌ ယခုအခါ ပညာရေးကဏ္ဍမြှင့်တင်ရန်အတွက် ဒေသတွင်းအာဏာပိုင်များသည် မြို့တော်နှင့် တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ စာသင်ကျောင်း ၂၀ စတင်ဆောက်လုပ်နေပြီဟု ပြည်နယ်ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာနက ဆိုသည်။

ထို့ပြင် စာသင်ကျောင်းများ ဆောက်လုပ်ရန်အတွက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူအင်န်အိုင်စီအီးအက်ဖ်)၏ ရန်ပုံငွေဖြင့် မြို့တော်နှင့် ခရိုင် ၁၁ ခုတို့တွင် အာဖဂန်နီ ၁၇၈ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့်) အကုန်အကျခံ တည်ဆောက်သွားမည်။

အရှေ့ပိုင်း နူရီစတန်ပြည်နယ်တွင်လည်း စာသင်ကျောင်း ၁၂ ကျောင်းကို ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအား အာဖဂန်အိမ်စောင့်အစိုးရ၏ ပညာရေးဝန်ကြီးဌာနက စတင်ပြုလုပ်နေပြီဟု ဝန်ကြီးဌာနက ဆိုသည်။

စစ်ဒဏ်ခံခဲ့ရသည့် အာဖဂန်နစ္စတန်နိုင်ငံကို ပြန်လည်တည်ထောင်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အာဖဂန်အိမ်စောင့်အစိုးရသည် များပြားသည့်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကိုပြုလုပ်ခဲ့ပြီး အာဖဂန်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ပြည်တွင်းနှင့် နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်းများကို ရင်းနှီးမြှုပ်နှံရန် တောင်းဆိုခဲ့သည်။

လက်ရှိတွင် အာဖဂန်နိုင်ငံ၌ ပျားခြံ ၃၃၉၇ ခြံမှ နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ထုတ်လုပ်လျက်ရှိပြီး အနာဂတ်တွင် ပမာဏပိုမိုတိုးမြှင့်လာရန်လည်း ကြိုးပမ်းနေသည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး မော်လဝီမူစဘာဟူဒင် မတ်စတိန်းက ဆိုသည်။ ဝန်ကြီးဌာနက ခြံပိုင်ရှင်များအား နည်းပညာပံ့ပိုးခြင်းနှင့် သင်တန်းများပေးခြင်းဖြင့် ပျားမွေးမြူရေးခြံများနှင့် ၎င်းတို့၏ ထွက်ကုန်များ တိုးလာစေရန် ကြိုးပမ်းလျက်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

အာဖဂန်၌ လူပေါင်း ၃၀၀၀ ကျော်မှာ ပျားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ပျားရည်အထွက်နှုန်း တိုးမြှင့်ရန်၊ ပျားရည်အရည်အသွေး တိုးမြှင့်ရန်နှင့် ပြည်ပတင်ပို့ရန်အတွက် အရည်အသွေးမြင့်ထုပ်ပိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု အာဏာပိုင်များက ဆိုသည်။ ။

ကိုးကား- ဆင်ဟွာ



အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ခူးဆွတ်အပြီး တလည်းသီးများကို တွေ့ရစဉ်။

- ❐ **အာဖဂန်နစ္စတန်၌ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် အစိုးရက ရင်းနှီးမြှုပ်နှံသူများအား စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် လယ်သမားများအား ထုတ်လုပ်မှုတိုးမြှင့်ရန် တိုက်တွန်းထား**
- ❐ **အာဖဂန်နိုင်ငံရှိ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေး၊ သစ်သီးခြံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးကို အမှီသဟဲပြုနေသည်။ ယခုအခါ အာဖဂန်လယ်သမားများက ဂျုံ၊ စပါးနှင့် စပျစ်၊ တလည်းသီးတို့ကိုလည်း တိုးချဲ့စိုက်ပျိုးလာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Get Well Soon Myanmar Platform" Facebook Page အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက်နေ သူရထွန်းအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ) သားကြီးနှင့် ရဲဝင်းသူတို့အား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိ

(၂၈-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၀-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၇၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ




**နေပြည်တော် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရဲပဒိုင်းကျေးရွာကို အောက်တိုဘာ ၂၆ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ရဲပဒိုင်းကျေးရွာနှင့် ရွာသစ်ကျေးရွာအကြား နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို ရဲပဒိုင်းကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သည့်အတွက် ကျေးရွာအတွင်းမှ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကာ ဆုတ်ခွာထွက်ပြေးစဉ် လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအနီးတွင် တိုက်ပွဲများဖော်ဆောင်ပြီး ၎င်းတို့ ထွက်ပြေးလွတ်မြောက်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူများ၏ နေအိမ်များအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးနေသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အခြေခံပညာ မူလတန်းကျောင်း အနီး၌ အမျိုးသားနှစ်ဦး မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် လဲကျနေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇၈)ရပ်ကွက်နေ ဖိုးလပြည့်(၂၉)နှစ် (ဘ)ဦးသက်တိုးနှင့် အမှတ်(၉၄) ရပ်ကွက်နေ ပိုင်မင်းထက်(၂၀)နှစ် (ဘ)ဦးတင်ဝင်းတို့ နှစ်ဦးအား မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် ဆေးကုသပေးနိုင်ရေး အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) သို့ ပို့ဆောင်၍ ထိန်းသိမ်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ယင်းနေ့ နံနက် ၄ နာရီခွဲတွင် ဖိုးလပြည့်၊ ပိုင်မင်းထက်နှင့် အောင်နိုင်ထွန်း(ခ)ကရင်တို့သည် ငွေစိုး(၄၀)နှစ်မောင်းနှင်သည့် Toyota Corolla အမျိုးအစား YGN AA-4000 နံပါတ်ပါအဖြူရောင်အငှားယာဉ်ဖြင့် အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား မိုင်းထောင်ဖောက်ခွဲရန်သွားရောက်စဉ် အဆိုပါ ရုံးအနီးအရောက်၌ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် လက်လုပ်မိုင်းမှာ ပေါက်ကွဲခဲ့သဖြင့် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးတွင် မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အောင်နိုင်ထွန်း(ခ)ကရင်မှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားခဲ့ကာ ယာဉ်မောင်းဖြစ်သူ ငွေစိုးမှ ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦးအား တင်ဆောင်၍ ဆက်လက်မောင်းနှင်ကာ အမှတ်(၃၀)အခြေခံပညာ မူလတန်းကျောင်းအနီးအရောက်၌ ယာဉ်ပေါ်မှချထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့နှစ်ဦး၏ ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်မောင်း ငွေစိုးအား ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် မေယဝတီလမ်းထောင့်အနီးတွင် ငွေစိုးအား ၎င်းမောင်းနှင်သည့် အဖြူရောင်အငှားယာဉ်နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မော်တော်ယာဉ်အား အသေးစိတ်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ သံပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ဖယ်ရှား ရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူ တရားခံသုံးဦးအနက် ဖိုးလပြည့်နှင့် ပိုင်မင်းထက်တို့မှာ ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး တရားခံ ငွေစိုးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူ တရားခံ အောင်နိုင်ထွန်း(ခ) ကရင်အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


တရားခံ ဖိုးလပြည့်(သေဆုံး)


တရားခံ ပိုင်မင်းထက်(သေဆုံး)


တရားခံ ငွေစိုး





ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မိုင်းထောင်ဖောက်ခွဲရန် လာရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးအား လက်လုပ်မိုင်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိမှု။

◆ *ကျောဖုံးမှ*

နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၁၈၉၇၁၅၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၂၅ တန်၊ အခြားသစ် ၀ ဒသမ ၇၀၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၂၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရွှေဝံလမ်း၊ ဒေသငါးဖမ်းစက်လှေဆိပ်အနီး မြစ်ကမ်းဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) နှင့် မြိတ်မြို့ မင်းဓမ္မ (၈)လမ်း၊ အင်းလေးမြိုင်စက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မြိတ်မြို့နယ် ကလွင်ကျေးရွာ အုပ်စု၌ တရားမဝင် အခြားသစ် ၁၁ ဒသမ ၁၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၈၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၉ ဒသမ ၄၀၀ တန်၊ သစ်မာ ၃ ဒသမ ၇၇၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၈၈၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၄၈၇၂၈၅ ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး နိုင်ငံအတွင်း၌ အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ၎င်းစံချိန်စံညွှန်း မပြည့်ဝနိုင်သည့် ကုန်ကြမ်းပစ္စည်းများ အသုံးပြုမှုကြောင့် အဆိုပါ အဆောက်အဦများတွင် နေထိုင်သူပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**


## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ဒေသစီးပွား ထွန်းကားစေမည့် မကွေးစက်မှုဇုန်မှသည်

ပေ ၁၀၀ ကျယ်ဝန်းသည့် လမ်းမကြီးက စက်မှုဇုန်တစ်ခု၏ အသွင်သဏ္ဌာန်ပေါ်လွင်လာစေရန် အစပြုပေးသည့် လမ်းမကြီးဖြစ်နေသည်။ ဒေသစီးပွား တိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည့် မကွေးစက်မှုဇုန်ဖော်ဆောင်ရေးလုပ်ငန်းများသည် စတင်နေပြီဖြစ်သည်။ စီမံကိန်းတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိမှု အပါအဝင် လမ်းစနစ်၊ ရေမြောင်းစနစ်၊ ရေဆိုးထုတ်စနစ်၊ လုံခြုံရေးစနစ်၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး စုဝေးခန်းမ စသည်ဖြင့် စက်မှုဇုန်တစ်ခုအတွက် လိုအပ်သည့် အခြေခံလိုအပ်ချက် အားလုံးပါဝင်မည်ဖြစ်သည်။

မင်းမင်း

မကွေးတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းများစွာ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများစွာသည် တစ်နေရာတည်းတွင် စုစည်းကာ စက်မှုဇုန်တစ်ခုအဖြစ် အသက်ဝင်လာတော့မည် ဖြစ်သည်။




မကွေးမြို့စက်မှုဇုန် စီမံကိန်းတွင် လုပ်ငန်း အမျိုးအစား အလိုက်နေရာ ချထားမည့် (Master Plan)။

**စက်မှုဇုန်အင်္ဂါရပ်များနှင့် ပြည့်စုံကိုက်ညီနေ**

မကွေးစက်မှုဇုန်သည် စက်မှုဇုန်တစ်ခုအဖြစ် ရှင်သန်ရပ်တည်သွားနိုင်ရန် စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက်ရန် လုံလောက်သော မြေနေရာရှိခြင်း၊ ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာ ဝင်ထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေးလမ်းကြောင်းရှိခြင်းနှင့် ပြည်တွင်းဈေးကွက်များကို အလွယ်တကူ သွားလာဆက်သွယ်နိုင်ခြင်းစသည့် စက်မှုဇုန်အင်္ဂါရပ်များနှင့် ပြည့်စုံကိုက်ညီနေသည်။

"ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းထွက်တဲ့နေရာဒေသဆိုတော့ ဒါနဲ့ ဆက်စပ်တဲ့ ပဲကြော်လုပ်ငန်း လုပ်ပါတယ်။ ဇာတိက နမ့်ဆန်ကပါ။ နမ့်ဆန်က လက်ဖက်နဲ့ မကွေးက ပဲကြော်ကို ပေါင်းစည်းနိုင်ဖို့ ဒီဒေသကို ပြောင်းရွှေ့ပြီး စီးပွားရေးလုပ်ခဲ့တာပါ။ အကျိုးစီးပွားလည်း ဖြစ်ပါတယ်။ ပဲကြီးက အနံ့အသက်ရှိတဲ့အတွက် လူနေရပ်ကွက်နဲ့ အဆင်မပြေဘူး။ ဈေးကွက်ကလည်း ရှိတဲ့အတွက် လုပ်ငန်းချဲ့ရင် ချဲ့သလောက် အကျိုးဖြစ်မှာ ဖြစ်တဲ့အတွက် အခုလို စက်မှုဇုန်ပေါ်လာတာ ဝမ်းသာတယ်။ စက်မှုဇုန်မှာက လမ်း၊ မီး၊ ရေ၊ ရေဆိုးစနစ် အကုန်ပါတယ် ကြားပါတယ်။ ဒီတော့ စက်မှုဇုန်ထဲ ပြောင်းလဲလုပ်ဖို့ အခုကတည်းက အသင့်ပြင်ထားပါတယ်"ဟု မကွေးမြို့မှ ခါတော်ဦး ပဲကြော်၊ လက်ဖက်ရောင်းဝယ်ရေးလုပ်ငန်းမှ ဒေါ်မိုးသူဇာက ဆိုသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ မကွေးစက်မှုဇုန်ကို မကွေးမြို့ ကွန်ပျူတာတက္ကသိုလ် အနီး မကွေး-တောင်တွင်းကြီး ကားလမ်းဘေးရှိ မြေဧရိယာ ၄၆၁ ဒသမ ၁၄ ဧက ပေါ်တွင် ဖော်ဆောင်နေခြင်းဖြစ်သည်။

"အဓိကတော့ စက်မှုဇုန်တစ်ခုအဖြစ် ရပ်တည်ပြီး ဒေသတွင်း စီးပွားရေးအခွင့်အလမ်းတွေကို ကြိုးစားဖော်ဆောင်နိုင်ဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ပါတယ်။ ဒီလိုဖော်ဆောင်နိုင်ဖို့ မကွေးစက်မှုဇုန်ဟာ စက်မှုဇုန်ဥပဒေနဲ့ ကိုက်ညီတယ်၊ ပြီးတော့ ဒေသတွင်းမှာ စပါး၊ ပဲ၊ နှမ်း၊ ဝါ စတဲ့ သီးနှံတွေ အများကြီးထွက်တယ်၊ ထွက်ရှိတဲ့ စိုက်ပျိုးသီးနှံတွေနဲ့ ဆက်စပ်ပြီး ကုန်ထုတ်လုပ်ငန်းတွေ အများကြီးရှိတယ်၊ တခြား စားသောက်ကုန်လုပ်ငန်းတွေ လည်းရှိတယ်၊ ဒီလို လုပ်ငန်းအရပ်ရပ်အတွက် ၂၄ နာရီမီးရရှိအောင်၊ ရေရရှိအောင်၊ လမ်းကောင်းအောင် အပါအဝင်အခွင့်အလမ်းတွေကို ဒီစက်မှုဇုန်မှာ ဖော်ဆောင်ပေးထားတယ်။ ဒီလို တစ်နေရာစီ လိုက်ပြီး ဖြည့်ဆည်းတာထက် ဒေသတွင်းစီးပွားရေးလုပ်ငန်းတွေ စက်မှုဇုန်မှာ စုစည်းတဲ့အခါ နိုင်ငံတော်အနေနဲ့ ဒေသစီးပွားလုပ်ငန်းတွေအတွက် ဖြည့်ဆည်းပေးရမယ့်အပိုင်းရှိရင် တစ်နေရာတည်းမှာ စဉ်းစားဆောင်ရွက်ပေးလို့ရတယ် " ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ပြောကြားသည်။

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံနှင့် ဝါသီးနှံ အဓိကစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် စက်မှုဇုန်အတွင်း ဆီနှင့် ဆီသန့်စင်လုပ်ငန်းများ၊ ဝါအခြေခံ စက်မှုလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ ပဲ၊ နှမ်းအခြေခံစက်မှုလုပ်ငန်းများအား ဦးစားပေး လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ စက်မှုဇုန်ဖော်ဆောင်ရာတွင် လိုအပ်သည့် စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံလုံလောက်စွာ ရရှိနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားရရှိနိုင်ခြင်းစသည့် အားသာချက်များ ရှိနေသည်။

**မြေဧရိယာ ၃၈ ဒသမ ၉၉၂ ဧကပေါ်တွင် တည်ဆောက်သွားမည်**

ထို့ပြင် စက်မှုဇုန်တစ်ခု ရေရှည်ရပ်တည်ဆောင်ရွက်သွားနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ စက်မှုဇုန်လျာထား မြေဧရိယာအတွင်း မြေဧရိယာ ၃၈ ဒသမ ၉၉၂ ဧက ပေါ်တွင် 7MW Solar Power Plant တည်ဆောက်သွားမည်ဖြစ်သည့်အပြင် လျာထားမြေနေရာမှ (၁ ဒသမ ၅) မိုင် အကွာအဝေးရှိ မကြီးကန်ဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ သီးသန့် ဓာတ်အားလိုင်းဖြင့် ရယူပြီး (၃၃/ ၁၁) ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ရယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ အားလုံးကို စက်မှုဇုန်မှာ လာရောက် လုပ်ကိုင်ဖို့ စိတ်ဝင်စားမှု အဆိုပြုလွှာခေါ်ယူခဲ့ပါတယ်။ မြေပဲခွဲစက်၊ ဆီစက်၊ ဝါကြိတ်စက်၊ အထည်ချုပ်လုပ်ငန်း စတဲ့ လုပ်ငန်းတွေ အများဆုံးအဆိုပြုလွှာတွေ တင်ကြပါတယ်။ ဒေသကထွက်တဲ့ သီးနှံတွေနဲ့ လုပ်ငန်းရှင်တွေရဲ့ အဆိုပြုလွှာတွေ ကိုက်ညီတဲ့အတွက် စက်မှုဇုန်ကို ဆက်လက်ပြီးတော့ အကောင်အထည်ဖော်သွားတာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကနေ မကွေးတိုင်းက ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနဲ့ ဝါသီးနှံ အဓိက စိုက်ပျိုးထွက်ရှိတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် ဆီထွက်သီးနှံ အခြေခံတဲ့ ဆီစက်၊ ဆီသန့်စင်စက်၊ ပဲ၊နှမ်း သန့်စင်လုပ်ငန်း၊ ပဲကြော်၊ ပဲလှော်လုပ်ငန်း စတဲ့ စက်မှုလုပ်ငန်းတွေ၊ ဝါသီးနှံအခြေခံတဲ့ ဝါကြိတ်စက်၊ ချည်မျှင်စက်၊ အထည်ရက်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း စတာတွေကို အစုအဖွဲ့အလိုက် စက်မှုဇုန်အတွင်း ဦးစားပေးနေရာချထားနိုင်ရေး စီမံဆောင်ရွက်ဖို့ ညွှန်ကြားထားပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ စက်မှုဇုန်အတွင်းမှာ ဒီလုပ်ငန်းတွေကို အစုအဖွဲ့အလိုက် နေရာချထားဖို့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒီဟာတင်မဟုတ်ပါဘူး။ တခြားလုပ်ငန်းတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စက်မှုဇုန် ဥပဒေ ၊ နည်းဥပဒေနဲ့ ညီညွတ်တဲ့ လုပ်ငန်းမှန်သမျှကြိုဆိုနေပါတယ်" ဟု မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။

စက်မှုဇုန်တွင် လာရောက်လုပ်ငန်း လုပ်ကိုင်မည့် လုပ်ငန်းရှင်များကို စက်မှုဇုန်နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ မကွေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေး ကော်မတီ(ဒေသဆိုင်ရာကော်မတီ)၏ ကြီးကြပ်မှုဖြင့် ရင်းနှီးတည်ဆောက်သူ (Developer)မှ မြေကွက်များရောင်းချပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများ (Investors) အတွက် မြေငှားဂရန်များလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

မကွေးစက်မှုဇုန်စီမံကိန်းကို စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ မြေအသုံးချမှု အင်္ဂါရပ်များနှင့်အညီ ပေ(၂၀၀ x ၂၀၀) မြေကွက်-၂၁၇ ကွက်၊ ပေ(၁၀၀x ၁၅၀) မြေကွက် - ၁၅၇ ကွက်၊ ပေ(၁၀၀ x ၁၀၀) မြေကွက် -၂၃ ကွက် စုစုပေါင်း ၃၉၇ ကွက် ဖော်ထုတ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီလို စက်မှုဇုန်အကောင်အထည်ဖော်ရမှာ လုပ်ငန်းအဆင့်ဆင့်တိုင်းကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ရပါတယ်။ အခုကတော့ မကွေးစက်မှုဇုန် အကောင်အထည်ဖော်ဖို့ လုပ်ငန်းတွေ စတင်ဆောင်ရွက်နေပါပြီ။ နိုင်ငံပိုင်မြေကို အငှားပေးပြီး လုပ်ငန်းရှင်ကို ဆောင်ရွက်စေတာမျိုး မဟုတ်ဘဲ လုပ်ငန်းရှင်အနေနဲ့ လာရောက်လုပ်ကိုင်ရင် အဆင်သင့်ဖြစ်အောင် လမ်း၊ မီး၊ ရေ၊ လုံခြုံရေးစနစ် အပါအဝင် စက်မှုဇုန်တစ်ခုမှာ ပါရှိရမယ့် အခြေခံလိုအပ်ချက်အားလုံးကို ပြည့်စုံအောင် လုပ်ထားပေးပြီး လုပ်ငန်းရှင်ကို လာရောက်လုပ်ကိုင်စေတာမျိုး ဖြစ်ပါတယ်။ အခုကတော့ တင်ဒါစနစ်နဲ့ ရင်းနှီးမြှုပ်နှံသူ (Developer) ကို ရွေးချယ်ခေါ်ယူပြီး အခြေခံလိုအပ်ချက်တွေကို ဖော်ဆောင်တာ စတင်နေပါပြီ" ဟု ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ရှင်းပြသည်။

*စာမျက်နှာ ၁၇ သို့*

❖ **မကွေးစက်မှုဇုန်ဟာ စက်မှုဇုန်ဥပဒေနဲ့ ကိုက်ညီတယ်၊ ပြီးတော့ ဒေသတွင်းမှာ စပါး၊ ပဲ၊ နှမ်း၊ ဝါ စတဲ့ သီးနှံတွေ အများကြီးထွက်တယ်၊ ထွက်ရှိတဲ့ စိုက်ပျိုးသီးနှံတွေနဲ့ ဆက်စပ်ပြီး ကုန်ထုတ်လုပ်ငန်းတွေ အများကြီးရှိတယ်၊ တခြားစားသောက်ကုန်လုပ်ငန်းတွေလည်း ရှိတယ်၊ ဒီလို လုပ်ငန်းအရပ်ရပ်အတွက် ၂၄ နာရီမီးရရှိအောင်၊ ရေရရှိအောင်၊ လမ်းကောင်းအောင် အပါအဝင်အခွင့်အလမ်းတွေကို ဒီစက်မှုဇုန်မှာ ဖော်ဆောင်ပေးထားတယ်။ ဒီလို တစ်နေရာစီလိုက်ပြီး ဖြည့်ဆည်းတာထက် ဒေသတွင်းစီးပွားရေးလုပ်ငန်းတွေ စက်မှုဇုန်မှာ စုစည်းတဲ့အခါ နိုင်ငံတော်အနေနဲ့ ဒေသစီးပွားလုပ်ငန်းတွေ အတွက် ဖြည့်ဆည်းပေးရမယ့်အပိုင်းရှိရင် တစ်နေရာတည်းမှာ စဉ်းစားဆောင်ရွက်ပေးလို့ရတယ်**

# အုတ်ဖိုမြို့နယ်၌ ပန်းဂေါ်ဖီများ စတင်စိုက်ပျိုးလျက်ရှိ



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အတွင်းရှိ ထယ်ကြောရွာ၊ လေးတဲရွာ၊ ရှမ်းရွာ၊ သရက်ပင်ဆိပ်၊ သမန်းကုန်းရွာ၊ ကျပ်ချောင်းရွာစသော ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီအလိုက်လုပ်ကိုင်ကြပြီး ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များကို အများဆုံးစိုက်ပျိုးကြသည်။

ပန်းဂေါ်ဖီမျိုးအနေဖြင့် ပန်းဂေါ်ဖီ သက်လျင်မျိုးနှင့် ပန်းဂေါ်ဖီ သက်ကြီးမျိုးဟူ၍ စိုက်ပျိုးကြကြောင်း၊ ပန်းဂေါ်ဖီကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကာ သက်လျင်မျိုးမှာ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် ခူးဆွတ်ပြီး သက်ကြီးမျိုးမှာ စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ အကြာတွင် ခူးဆွတ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပန်းဂေါ်ဖီအပွင့်ရေ ၁၃၀၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပန်းဂေါ်ဖီ အပွင့်အကြီး/ အသေး အရော တစ်ပွင့်လျှင် လက်ကားဈေးငွေကျပ် ၄၀၀ ခန့်ဖြင့် ရောင်းချရကြောင်း၊ တစ်ဧကလျှင် ငွေကျပ်သိန်း ၄၀ ခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အုတ်ဖိုမြို့ ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့ (သီရိမင်္ဂလာဈေး)၊ လက်ပံတန်းမြို့နှင့် မင်းလှမြို့တို့သို့ တင်ပို့ရောင်းချကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (ပဲခူး)

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီ (ဥ) စိုက်များ စတင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်သည် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို တောင်သူများအနေဖြင့် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးရာသီချိန်တွင် ဒေသတွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လျက် ရှိသောကြောင့် ကြက်သွန်နီ (ဥ) စိုက် တောင်သူများ စိုက်ပျိုးမှု များပြားပြီး စိုက်ဧက ၁၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



ကြက်သွန်နီသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၈၀-၉၀ အကြာ ဇန်နဝါရီလဆန်းပိုင်းတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဥစိုက်နှင့်ပင်စိုက်ဟူ၍ စိုက်ပျိုးကြပြီး ကြက်သွန်နီ(ဥ) စိုက်များကို ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများနှင့် ကုန်းတွင်းပိုင်း လယ်ကွင်းမြေများတွင် အများဆုံး စိုက်ပျိုးကြောင်း၊ မျိုးဥအနေဖြင့် ဇော်မွှားဥမျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် ပိဿာ ၃၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရ၍ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပိဿာချိန် ၁၀၀ ဝယ်ယူစိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအတွက် ယခင်နှစ်က တစ်ဧကလျှင် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျခဲ့ပြီး ယခုနှစ်တွင် မျိုးဥ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်သိန်း ၄၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပိဿာချိန် ၄၀၀၀-၅၀၀၀ ခန့် ထွက်ရှိပြီး သီးနှံပေါ်ချိန်တွင် ကြက်သွန်နီ (ဥ) စိုက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၃၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၆၅ သိန်းခန့် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများကို ဒေသတွင်း ဖြန့်ဖြူးမှုအပြင် ရန်ကုန် ဘုရင့်နောင်ပွဲရုံ၊ ပြည်၊ ပုသိမ်မြို့တို့သို့ တင်ပို့ရောင်းချပြီး ပြည်ပပို့ကုန်အဖြစ် မြဝတီ၊ မော်လမြိုင်၊ မူဆယ်မြို့တို့မှ တစ်ဆင့် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့သို့လည်း တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ် ကြက်သွန်နီသီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း ကြက်သွန်နီ (ဥ) စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA(မကွေး)

# စလင်းမြို့နယ် ငလင်ပန်းကျေးရွာ၌ ပဲတောင့်ရှည်သီးနှံများ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်သည် ဆန်စပါး၊ နှမ်းနှင့် ပဲမျိုးစုံတို့အပြင် စားဖိုဆောင်သီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ စလင်းမြို့နယ် ငလင်ပန်းကျေးရွာတွင် ပဲတောင့်ရှည်သီးနှံကို စိုက်ဧက ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲတောင့်ရှည်သီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဧကရီ ၁၁၁ မျိုးကို စိုက်ပျိုးကြပြီး ပဲတောင့်ရှည်မျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးစေ့ လေးထုပ်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက်အစေ့ချ၍ စိုက်ပျိုးရပြီး ရက်ပေါင်း ၂၀ အကြာတွင် တိုင်ထောင်ပေးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ ဝါး၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းပိဿာ ၂၀၀၀-၃၀၀၀ ခန့် ထွက်ရှိကြောင်း၊ အောက်တိုဘာလ တတိယပတ်တွင် ပဲတောင့်ရှည် တစ်ပိဿာလျှင် လက်ကားဈေးငွေကျပ် ၁၅၀၀-၂၀၀၀ ဖြင့် ရောင်းချရသည့်အတွက် ငွေကျပ် ၁၈၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် စလင်းမြို့ပေါ်ရှိ ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ အထွက်နှုန်းအနည်းငယ် လျော့နည်းသော်လည်း သီးနှံပေါ်စအချိန်တွင် ဈေးကောင်းရရှိသောကြောင့် တောင်သူများ တွက်ခြေကိုက်ကြောင်း သိရသည်။

DOCA (မကွေး)

## ၂၈ - ၁၀ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံကျပ်

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၀၅၅ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၄၆၀၀၀ | ၄၃၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၂၄၀ | ၁၇၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၅၅၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၀၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၆၉၈၅ | ၁၂၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၄၅၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၆၀၀ | ၁၅၅၀၀ | ၄၃၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၉၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၅၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၅၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၆၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၅၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၉၅၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၆၀၀၀ | ၆၈၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၃၅ | ၁၂၅၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၃၅ | ၁၃၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# လန်ချန်း - မဲခေါင် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်အသင်း ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိ



**ရန်ကုန် အောက်တိုဘာ ၂၈**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့်လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု တရုတ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာလက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိခဲ့ကြောင်း သိရသည်။

မြန်မာ ပိုက်ကျော်ခြင်းအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးစိုင်းဇော်ထွန်းလင်း၊ နည်းပြများ၊ အုပ်ချုပ်သူများ ဒိုင်များ၊ အားကစားသမားများသည် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်မြတ်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားလေးယောက်တွဲတွင် ဗီယက်နမ်(A)အသင်းက ပထမ၊ မြန်မာက ဒုတိယ၊ လာအိုနှင့် ဗီယက်နမ်(B) အသင်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း အမျိုးသမီးလေးယောက်တွဲတွင် ဗီယက်နမ်(A) အသင်းက ပထမ၊ မြန်မာက ဒုတိယ၊ တရုတ်နှင့် ဗီယက်နမ်(B) အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသား သုံးယောက်တွဲတွင် ထိုင်းက ပထမ၊ ဗီယက်နမ်(A) အသင်းကဒုတိယ၊ မြန်မာနှင့် လာအိုတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲတွင် ထိုင်းကပထမ၊ ဗီယက်နမ်(A)အသင်းက ဒုတိယ၊ မြန်မာနှင့်တရုတ်တို့က ပူးတွဲတတိယရရှိခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယမ်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အာကာစိုး**



# နေပြည်တော်၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှုသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၈**
မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှုသင်တန်း (Fire Safety Specialist Course) အမှတ်စဉ်(၁/၂၀၂၄) သင်တန်းကို ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ အောက်တိုဘာ ၂၈ ရက်က စတင်ဖွင့်လှစ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# ASIA-PACIFIC SENIOR AMATEUR CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန်နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၈**
အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ဗီယက်နမ်နိုင်ငံ Vinperal Golf Hai Phong ၌ ကျင်းပမည့် 2024 ASIA–PACIFIC SENIOR AMATEUR CHAMPION–SHIP ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် မြန်မာစီနီယာ အပျော်တမ်း ဂေါက်သီးရိုက်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



မြန်မာစီနီယာ အပျော်တမ်း ဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် ကစားသမားအဖြစ် ဦးကိုကိုအေး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ အားကစားသမားများဖြစ်ကြသော ဦးတင်မောင်မောင်ဝင်း (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးစိုး (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်) နှင့် ဦးဆန်းမင်း (မော်လမြိုင်)တို့ ပါဝင်ပြီး ပြိုင်ပွဲ လေ့လာသူများအဖြစ် ဦးတင်ကိုကို(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)၊ ဦးသန့်ဇင် (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်)နှင့် ဦးသိန်းဇော်ထွန်းတို့လည်း လိုက်ပါသွားကြသည်။

စီနီယာ အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်သောကြောင့် အသက် ၅၅ နှစ်နှင့်အထက် အားကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာစီနီယာ အပျော်တမ်း ဂေါက်သီးရိုက်အဖွဲ့သည် ဒေသတွင်း အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ယခုကျင်းပမည့် ASIA–PACIFIC SENIOR AMAT–EUR CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲတွင်မူ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ–MGF**

# MNL-2 ပြိုင်ပွဲ ပွဲစဉ် (၉) တွင် ရာမည၊ ရောဝတီရိန်းဂျားနှင့် ကချင်ယူနိုက်တက် အမှတ်ပြည့်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**
၂၀၂၄ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပရာ ရာမညယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ် (၉) တွင် ရာမညယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို ခြောက်ဂိုး – နှစ်ဂိုး၊ ကချင်ယူနိုက်တက်အသင်းက Glory Goal အသင်းကို သုံးဂိုး–ဂိုးမရှိ၊ ရောဝတီရိန်းဂျားအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရပြီး တက္ကသိုလ်အသင်းနှင့် Chinland အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ရာမညယူနိုက်တက်အသင်း နိုင်ပွဲရယူနိုင်ခဲ့သဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သလို ဒုတိယနေရာမှ တက္ကသိုလ်အသင်းနှင့် တတိယနေရာမှ Chinland အသင်း ထိပ်တိုက်တွေ့ဆုံမှုမှာလည်း သရေကျခဲ့သည်။ အသင်းသစ် ရောဝတီရိန်းဂျားအသင်းမှာမူ ကိုးပွဲမြောက်မှ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရှစ်ပွဲကစား ရမှတ် ၂၀၊ တက္ကသိုလ်အသင်းက ကိုးပွဲကစား ရမှတ် ၂၀၊ Chinland အသင်းက ကိုးပွဲကစား ၁၉ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ၁၃ မှတ်၊ Glory Goal အသင်းက ကိုးပွဲကစား ၁၁ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ကိုးပွဲကစား ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ကိုးပွဲကစား ငါးမှတ်၊ ရောဝတီရိန်းဂျားအသင်းက ကိုးပွဲကစား လေးမှတ်ရရှိထားသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ–MNL–2**




# အာဆင်နယ်ကို သရေကျခဲ့သည့်အတွက် အမှတ်ပေးဇယားဆက်လက်ဦးဆောင်ခွင့် လီဗာပူးအသင်း လွဲချော်

ပရီမီယာလိဂ်ပွဲစဉ်(၉)မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် အာဆင်နယ်နှင့် လီဗာပူးအသင်းပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများဖြင့် အကြိတ်အနယ် ရှိခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်ကို အောက်တိုဘာ ၂၇ ရက် ည ၁၁ နာရီက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုသည့် အဆိုပါပွဲစဉ်တွင် နှစ်သင်းကြား သိသိသာသာ ခြေစွမ်းကွာဟမှု မရှိခဲ့ပေ။ လီဗာပူးအသင်းသည် အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်ခွင့်ရရှိရန် အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ သို့သော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရကာ အမှတ်ပေးဇယား ဦးဆောင်ခွင့် လက်လွတ်ဆုံးရှုံးခဲ့ရသည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်နှင့် ၄၃ မိနစ်တွင် ဆာကာနှင့် မေရီနိုတို့က သွင်းယူပေးခဲ့သည်။ ပြိုင်ဘက် လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် ၈၁ မိနစ်တွင် ဗန်ဒိုက်နှင့် ဆာလာတို့က သွင်းယူပေးခဲ့သည်။



ပရီမီယာလိဂ်ပွဲစဉ် (၉) အပြီးတွင် အမှတ်ပေးဇယားကို မန်စီးတီးအသင်းက ရမှတ် ၂၃ မှတ်ဖြင့် ဦးဆောင်ထားပြီး လီဗာပူးအသင်းက ရမှတ် ၂၂ မှတ်ဖြင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည်။ ပြိုင်ဘက် အာဆင်နယ်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ **အောင်ဇော်**

❒ *ကျောဖုံးမှ*
ခါးသီးပြိုင်ဘက် မန်စီးတီးအသင်းကို အနိုင်ရပြီးနောက် နည်းပြတန်ဟက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသည်။

သို့သော်လည်း မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်အဖွင့် ကိုးပွဲတွင် လေးပွဲအထိ ရှုံးနိမ့်ထားသလို ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ပွဲစဉ် (၃) ပြီးဆုံးသည်အထိ နိုင်ပွဲရရှိထားခြင်းမရှိဘဲ ရလဒ်များ ဆိုးရွားလျက်ရှိသည်။ နည်းပြတန်ဟက်သည် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိသည့် ပထမရာသီတွင် ကာရာဘောင်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ၌ နယူးကာဆယ်အသင်းကို အနိုင်ယူကာ ဆုဖလားရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရမှတ် ၁၁ မှတ်ဖြင့် အဆင့် (၁၄) တွင် ရပ်တည်နေပြီး အဆင့် (၄)မှ အက်စ်တွန်ဗီလာအသင်းနှင့် ရမှတ် ၇ မှတ်အထိ ကွာဟမှု ရှိနေသည်။

**အောင်ဇော်**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေအပန်းပြေ၏**



# ကန်ကြီးထောင့် မြို့မစည်ပင်သာယာဈေးအတွင်း ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ကန်ကြီးထောင့် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းလိုက်လံ စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟိန်းဦးပိုင်တို့က ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများ၊ မီးသတ်ဆေးဘူး ထားရှိမှုနှင့် မီးချိတ်၊ မီးကပ်ဆောင်ရွက်ထားရှိမှု အခြေအနေများ ကွင်းဆင်းစစ်ဆေးပြီးအသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# မအူပင်မြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

**မအူပင် အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်း ဒေသကြီး မအူပင်မြို့ မြို့မဈေးကြီး၌ မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးရာ မြို့နယ် မီးသတ်ဦးစီးဌာန၊ မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးက မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများ၊ မီးငြိမ်းသတ် နည်းများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသီဟကိုကိုနှင့် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ရှိသူများ များပူးပေါင်း၍ မြို့မဈေးကြီး အတွင်းရှိ ဆိုင်များကို ကွင်းဆင်းစစ်ဆေးသည်။



ယင်းနောက် မြို့မဈေးကြီးအတွင်း မီးဘေးကြုံတွေ့လာပါက ကြိုတင်ဆောင်ရွက်ထားရှိမည့် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ဆေးဘူးများ၊ ဈေးရုံအတွင်း သွယ်တန်း ထားရှိသည့် လျှပ်စစ် ဝိုင်ယာကြိုးများ ကောင်းမွန်မှု ရှိ/မရှိ လက်တွေ့စမ်းသပ် စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ဗဟိုအဆင့် ပြည်သူ့ဆေးရုံကြီးများအတွက် လိုအပ်သော ဆေးပစ္စည်း(Speciality Consumables)များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် -19DMS(2024-2025)(L) အား ခေါ်ယူအပ်ပါ သည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၃၀-၁၀-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၁၃-၁၁-၂၀၂၄)ရက် မွန်းတည့် (၁၂) နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

ဦးအိုက်ခမ်းလူ၏သမီး ကျွန်မ နန်းစံဖူး ၁၃/တယန(နိုင်)၀၉၄၁၁၃၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၁၆၃၅၂၂၁**

## ပြောင်းလဲခေါ်ဆိုပါရန်

ဦးပိုင်သူစိုး၏သမီး တောင်ကြီးမြို့၊ အထက(၁) Grade-4(D) တွင် ပညာသင်ကြား နေသော မဆုမြတ်ရတီအား မဆုသန့်စင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုသန့်စင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7381 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မောင် ၁၀/မလမ(နိုင်) ၁၅၉၀၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၈၉၇၀ ယာဉ်လက်ဝယ်ရှိသူ ဦးလှည္ဆွန့် ၁၀/မလမ(နိုင်) ၁၄၃၇၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အထက (၉) Grade-6တန်းမှ မောင်ငြိမ်းခန့်ကို၏ ဖခင် ဦးညီညီနှင့် မင်းချစ်လှိုင် ၃/ဘအန(နိုင်)၂၂၈၄၈၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညီညီ(ခ)မင်းချစ်လှိုင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၉-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅)ပါ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ပျောက် လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 2F/9349 အစား ယာဉ်အမှတ် 7F/9349 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**လျှပ်စစ်ကို ချွေတာ သုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဗဟ/၃၁၈၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အယ်ခေါန်ဖန် ၁/ဝမန(နိုင်)၀၃၈၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်၊ မင်းရဲအောင်နိုင်လမ်း၊ အမှတ်-၄၇၆ ဟုခေါ်တွင်သော(အလျား ၄၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးတင်မောင်ဌေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေ ကွက်အနက် မြေကွက်အမှတ်၄၇၇နှင့်ကပ်လျက်(အလျား ၂၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တူးဖော်ထားသည့် အဝီစိရေတွင်းအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုးစပယ်(ခ)ဒေါ်မြင့်မြင့်(ဘ) ဦးလှမောင် ၈/ပခက(နိုင်)၁၉၁၅၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးလွင် ၈/မလန(နိုင်) ၀၀၈၁၃၈မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဌေးလွင်**
ဖုန်း-၀၉-၄၅၉၃၉၇၉၉

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝေလင်းဌေး( LL.B DIL)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၁၈/၂၀၁၂)
အမှတ် ၅၆၁၊ ပထပ်၊ အခန်း ၁၀၁/၂၊MAC Tower
ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၉၉၀၉၈၊ ၀၉-၇၆၅၀၉၉၀၉၈

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူ လုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မဟာအောင်မြေနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မဟာအောင်မြေနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် ဟေမမာလာ(မြောက်)ရပ်ကွက် လမ်း ၈၀ ၊ ၃၆ x ၃၇ လမ်းကြားတွင် မသင်္ကာဖွယ်တွေ့ရှိသူ မအိအိမျိုး (ခ) နန်းအိတ်မြတ် အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ည ၉ နာရီ ၄၅ မိနစ်တွင် ၎င်းတည်းခိုနေထိုင်သည့် မဟာအောင်မြေမြို့နယ် ဟေမမာလာ (မြောက်)ရပ်ကွက်၊ လမ်း ၈၀၊ ၃၆ x ၃၇ လမ်းကြားရှိ ဟိုတယ်အခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၁ ဒသမ ၉၂၄ ကီလိုနှင့် အက်တက်စီဆေးပြား ၄၅ ပြားတို့ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဟွေရဲကျေးရွာအနီးတွင် လော်ဂါ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား





လော်ဂါနှင့် စိုင်းခမ်းပန် အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

၃၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိုင်းခမ်းပန် မောင်းနှင်လာသည့် DAIHATSU HIJET မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် သုခတော်ဝင်အိမ်ရာအပိုင်း (၂)တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့လိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ဝယ်ယူတပ်ဆင် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၃၃ ကေဗွီခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် ၃၃ ကေဗွီ Switch Bay တည်ဆောက်ခြင်း လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက် | - | ၂၈-၁၀-၂၀၂၄ ရက်မှ ၁၁-၁၁-၂၀၂၄ ရက်အထိ |
| ၃။ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | - | ၁၁-၁၁-၂၀၂၄ ရက်၊ ညနေ (၁၆:၀၀) နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့် နေရာ | - | အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၂၈-၁၀-၂၀၂၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း - ၀၆၇-၃၄၂၀၆၆၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ချမ်းမြသာစည်မြို့နယ် ၁၁၇ လမ်း၊ ၅၂ x ၅၃ လမ်းကြား မြရည်နန္ဒာ ရပ်ကွက် မမ-၁၂ ရေီယာ (၁ ဒသမ ၁၃၃) ဧက မြေနေရာလွတ်တွင် ရေကူးကန်၊ ကလေးကစားကွင်း၊ အပန်းဖြေပန်းခြံနှင့်စားသောက်ဆိုင်လုပ်ငန်းများလုပ်ကိုင် ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လျှောက်လွှာရောင်းချမည့်ရက် | - | ၂၂-၁၁-၂၀၂၄ ရက်မှ ၅-၁၂-၂၀၂၄ ရက်ထိ (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက် | - | ၉-၁၂-၂၀၂၄ရက်(တနင်္လာနေ့) ညနေ (၁၆:၃၀)နာရီ |
| (ဂ) | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ | - | ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၆၂) Aလမ်း၊ (၄၀ x ၄၁)လမ်းကြား၊ မနော်ရမ္မံရုံး |

၂။ အထက်ပါ တင်ဒါပုံစံကို တစ်စုံလျှင်ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၆၂)Aလမ်း၊ (၄၀ x ၄၁) လမ်းကြားတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၇၄၄၆၄၃၅၂ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 36W/27007 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 44W/57723, Luojia 125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မြင့် ၁၄/ဟသတ(နိုင်) ၀၂၁၈၄၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 23W/42360, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်းနိုင် ၁၄/အဂပ(နိုင်)၁၇၆၁၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးလှိုင်မြို့နယ်(၁၆)ရပ်ကွက်ဦးအေး(၅)လမ်းအမှတ်(၁၅၈) ၃ထပ်ခွဲအဆောက်အဦး၏မြေညီထပ်(ခေါင်းရင်းခန်း)၁၂.၅×၄၀ပေ အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပါတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသည့်ဦးလှမင်းအောင်(၅/ယမပ(နိုင်)၀၆၂၄၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အခန်းတန်ဖိုးငွေအချို့ကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

ဦးကျော်စံ (၀၉၈၉၅၇၁၁၆၁၃)

## နိုင်ငံသားစိစစ်ရေးကတ်အမှတ် အမှန်ဖြစ်ကြောင်း

ကလောမြို့၊ (၄)ရပ်ကွက်နေ ဦးသန်းလွင်၏လက်ရှိကိုင်ဆောင်နေသော နိုင်ငံသားစိစစ်ရေးကတ် အမှတ် အမှန်မှာ ၁၃/မယတ(နိုင်)၀၀၁၄၀၄ ဖြစ်ပါကြောင်း။

**ဦးသန်းလွင်**

## ပြင်ဆင်ဖတ်ရှုပါရန်

(၄-၁၀-၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၃၀)တွင် ဒေါ်ထက်မြတ်စိုး (တရားလွှတ်တော်ရှေ့နေ) ၏ အများသိစေရန် ကြေညာခြင်းတွင် မြေရှင် ဦးကြည်မိုး (၁၂/သကတ (နိုင်) ၀၂၈၁၅၃)အစား တိုက်ခန်းပိုင်ရှင် ဦးကြည်မိုး (၁၂/သကတ(နိုင်) ၀၂၈၁၅၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/6774 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄နှင့်ဆက်နွှယ်သည့်
## ၂၀၂၄ခုနှစ်၊တရားမဇာရီမှုအမှတ်-၁၀၅

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၎င်း၏ကိုယ်စား ပဲခူးဘဏ်ခွဲ၊ မန်နေဂျာ-ဒေါ်နှင်းနှင်းဝေ) | နှင့် | ၁။ ဦးကျော်သန့်စိုး<br>၂။ ဒေါ်အိအိငြိမ်း<br>၃။ ဦးဆန်းသူ<br>၄။ ဦးစောဟန်ထွန်း |
| (တရားနိုင်) | | (တရားရှုံးများ) |

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မြေတိုင်း(၇)၊ အမှတ်(၃)ရပ်ကွက်၊ ဗထူးလမ်းမ၊ အမှတ်(၄၄၈)နေ ၃-တရားရှုံး ဦးဆန်းသူနှင့် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မြေ တိုင်း(၇)၊ အမှတ်(၃)ရပ်ကွက်၊ ဗထူးလမ်းမ၊ အမှတ်(၄၄၇)နေ ၄-တရားရှုံးဦးစောဟန်ထွန်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊အကြောင်းတခုခုရှိလျှင် ပြ၍ ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းလဲ့လဲ့ထိန်)
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ (၃၈၀၀၀၀)ဂါလန်၊ Octane-92 (၃၂၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ (၆၈၀၀၀) ဂါလန်ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၅-၁၁-၂၀၂၄ ရက် |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - | ၇-၁၁-၂၀၂၄ ရက် |
| (ဂ) | လျှောက်လွှာရောင်းချမည့် နေရာ | - | ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန |
| (ဃ) | အိတ်ဖွင့်တင်ဒါဆောင်ရွက် မည့်နေ့ရက် | - | ၁၁-၁၁-၂၀၂၄ ရက် |
| (င) | အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ | - | ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၁) |
| (စ) | တင်ဒါပုံစံဈေးနှုန်းများမှာ | - | ဒီဇယ်ဆီ ကျပ် ၅၀၀၀၀/-<br>Octane-92 ကျပ် ၁၀၀၀၀/-<br>ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/- |

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။
၃။ တင်ဒါရရှိသူသည်တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာနေ ဒေါ်သန်းခင် ၁၃/ရစန(နိုင်)၀၂၄၈၉၇၏သား ဦးသိန်းဦး ၁၃/ရစန(နိုင်)၀၂၄၉၃၆သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၄-၁၀-၂၀၂၄ရက်က မိခင်ဒေါ်သန်းခင်အား ကိုယ်စိတ်နှစ်ပါး စိတ်ဆင်း ရဲကာ မိခင်၏ဆိုဆုံးမစကားများအား နားမထောင်ဘဲ သွားနုတ္တရ သဖွယ်ပြုမူသဖြင့် သားအဖြစ်မှအမွေ ပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ဦးသိန်းဦးနှင့်ပတ်သက်ဆက်နွှယ်သော လူမှုရေး၊ ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများကို ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမင်းယု LL.B**
**အထက်တန်းရှေ့နေ (စဉ်- ၅၁၇၆၆/၂၀၁၉)**
**အမှတ်(၉၈)၊ ပင်းတယလမ်း၊ တောင်ကွက်သစ်ရပ်ကွက်၊ ရပ်စောက်မြို့**
**ဖုန်း-၀၉-၇၈၇၈၆၇၈၉၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/9956 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ဟသ်ာတမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/40660၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတမြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/75371 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ဟသ်ာတမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/40473 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/46814, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/ဟသတ(နိုင်) ၂၁၂၉၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/83845, Yamaha-155, ယာဉ်လက်ဝယ်ရှိသူ နော်သူဇင်ထွေး ၁၄/ဟသတ(နိုင်) ၂၄၇၂၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 48W/51178, Yunde-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်ဝေ ၁၄/အဂပ(နိုင်) ၁၃၅၆၈၇(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/46458, Owl-110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၁၄/ဟသတ(နိုင်)၁၀၈၉၀၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/36489, Canda -110 ယာဉ်လက်ဝယ်ရှိသူ ဦးနဒီရှင်းသန့် ၁၄/လမန(နိုင်) ၁၀၉၅၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 50W/39991, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဝေအောင် ၁၄/ဟသတ(နိုင်)၂၇၇၀၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/26951, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရဟိဏ်း ၁၄/လမန(နိုင်)၁၁၈၆၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ချောက်ခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈ နှင့် ဆက်နွှယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀ ။

ဦးခင်မောင်ငွေး (ခ) မောင်ငွေး နှင့် ၁။ ဦးညီညီအောင်
၂။ ဒေါ်ကေဇင်သန့်

ဒီကရီအနိုင်ရသူ တရားရှုံးများ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မဲထီးလမ်း၊ ရွာသစ်ပွဲကြိုရပ် နေ (၁) ဦးညီညီအောင် (၂) ဒေါ်ကေဇင်သန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ချောက်ခရိုင်တရားရုံး ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီခင်)
ခရိုင်တရားသူကြီး
ချောက်ခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

မမိုးမိုးမော် ၁၂/သလန(နိုင်)၁၁၇၂၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကိုနိုင်လင်းအောင်နှင့် မမိုးမိုးမော်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၂၀၀၉ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သော်လည်း ထိုနောက်ပိုင်း(၂၀၁၈)ခုနှစ်မှစ၍ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့်လည်းကောင်း ကိုနိုင်လင်းအောင်မှာ မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ အကြင်လင်မယားအဖြစ်ပေါင်းသင်းခြင်း၊ အဆက်အသွယ်ပြုခြင်း၊ ပေးကမ်းထောက်ပံ့ခြင်းမရှိတော့ဘဲ အိမ်ထောင်ကွဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ကိုနိုင်လင်းအောင်နှင့် မမိုးမိုးမော်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စရပ်တွင်မဆို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် ကိုနိုင်လင်းအောင်အနေဖြင့် မမိုးမိုးမော်အပေါ် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း အပြုအမူအပြောအဆိုများ မပြုလုပ်ရန် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁၀(က) ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (က/၁၁၂)၊ မြေဧရိယာ(၀ဒသမ၀၂၈)ကေအား ခရိုင်မြေမှုအမှတ် ၂၈၈/၂၀၁၀-၂၀၁၁ အရ ဦးသန်းလွင်၊ ဒေါ်ခင်သန်းအေး တို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ဦးသန်းလွင် ၊ ဒေါ်ခင်သန်းအေး တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၈/၂၀၁၉) ဖြင့် ဦးမောင်မောင်အောင်၊ ဒေါ်တင်ဇာနိုင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမောင်မောင်အောင် ၆/မအရ(နိုင်) ၀၀၁၆၆၇ ၊ ဒေါ်တင်ဇာနိုင် ၆/ပလန(နိုင်)၀၀၃၁၀၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈သယ/၅၄၈၀၊ SAWAFDEE 115 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုး ၁၄/ဟကက(နိုင်)၀၂၆၅၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၈၆၂၆၈၊ SAWAFDEE 115 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်စုလှိုင် ၆/မမန(နိုင်)၁၃၅၉၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၈၀၅၆၇၊ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏကျော် ၆/မမန(နိုင်)၁၁၅၄၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၂၆၀၂၈၊ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီနိုင် ၆/မမန(နိုင်)၂၅၈၄၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) လျှောက်လွှာခေါ်ယူခြင်း ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး( လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၅)နေရာအတွက် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်များ နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သတ်မှတ်ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာတက်ကျွမ်းသူဖြစ်ရမည်။
(ဂ) ၂-၁၂-၂၀၂၄ရက်တွင် ပြင်ပပုဂ္ဂိုလ်များ အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ကတိဝန်ခံစာချုပ်ချုပ်ဆိုရမည်။

၂။ လျှောက်လွှာများကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၁-၁၁-၂၀၂၄ရက် (သောကြာနေ့) မှစတင်၍ ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂-၁၂-၂၀၂၄ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ရေးဖြေစာမေးပွဲကို ၂၄-၁၂-၂၀၂၄ရက် (အင်္ဂါနေ့)နှင့် ၂၆-၁၂-၂၀၂၄ရက် (ကြာသပတေးနေ့)တို့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်(၃)ခု ဖြေဆိုစေခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ (ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၄။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း-၀၂-၄၇၅၀၀၀၆၊ ၀၂-၄၇၅၀၀၀၅၊ ၀၂-၄၇၅၀၂၃၆၊ ၀၉-၂၀၀၁၄၉၇၊ ၀၉-၄၀၂၆၀၅၉၀၄ နှင့် ၀၉-၄၄၄၀၃၆၅၃၆ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဖော်ပြပါ (Logo)ဖြင့် ရေသန့်စက်ရုံလုပ်မည်ဖြစ်ပါ၍ ကန့်ကွက် မည့်သူရှိပါက (၅)ရက်အတွင်း ကျွန်တော့်ထံသို့ ဖုန်းခေါ်၍ ဖြစ်စေ Viber ဖြင့်ဖြစ်စေ ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဦးရှင်းသန့်ကျော်ဟိန်း Ph.09-798289924**
**စက်ရုံလိပ်စာ Ph.09-692749173**
**ကျိုက်ထို-ကင်မွန်းစခန်းလမ်းမ**
**တောင်ကလေးကျေးရွာ၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ကျောက်တံခါးမြို့နယ်၊ ဂုံမင်းကွင်းအုပ်စု၊ ကြိမ်ခြံရွာနေ မစန္ဒာအေး၏ မွေးသက္ကရာဇ် ၃-၆-၁၉၉၈ မှာ မှားယွင်းနေပြီး အမှန်မှာ ၁-၅-၁၉၉၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းအုပ်စု၊ မောင်းရမ်းကျေးရွာနေ မဖူးပွင့်လှိုင်နှင့် မအိသန္တာလှိုင်တို့၏ ဖခင်အမည်မှာ ဦးဟန်ဝင်းလှိုင် (ခ)ဦးဝင်းလှိုင် ၉/ပမန(နိုင်) ၁၆၄၄၉၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်ထောင်ကန်မြို့မ(၂)ရပ်ကွက်၊ အိမ်အမှတ်(၂/၁၈၀)၊ အကျယ်အဝန်း (၄၀x၆၅)ပေရှိမြေကွက်နှင့် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဦးမင်းဒင်ရပ်ကွက်၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်တို့သည် ကျွန်တော်ဦးခင်မောင်ထွန်း(ဘ) ဦးမြင့်ရွှေ ၉/ပမန(နိုင်)၀၀၅၃၉၆နှင့် ဒေါ်တင်တင်ခိုင်(ဘ)ဦးထွန်းရှိန် ၉/ပမန(နိုင်)၁၁၀၀၇၆ လင်မယားနှစ်ဦးပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်များအား နှစ်ဦးနှစ်ဖက်သဘောဆန္ဒမပါရှိဘဲ ဒေါ်တင်တင်ခိုင်က ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း ရှိခဲ့သော် ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက်စလုံးအားတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ထွန်း** **ဒေါ်သီရိဇော်မင်း၊**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၆၅)**
**ပုဗ္ဗသီရိမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄ )၊ မြေကွက်အမှတ် (၉၇၉)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိမြေအား တပ်ကြပ်ကြီးအောင်မြင့်မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) လျှောက်လွှာခေါ်ယူခြင်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် လစ်လပ်လျက်ရှိသည့် နည်းပြရာထူး (လစာနှုန်း ၂၁၆၀၀၀၀-၂၀၀၀-၂၂၆၀၀၀၀) (၅)နေရာအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ဌာန | ဦးရေ | ပညာအရည်အချင်း | မှတ်ချက် |
|---|---|---|---|---|
| (က) | ဥပဒေပညာဌာန | ၁ | L.L.M | သက်ဆိုင်ရာပညာရပ်အလိုက် Bachelor ရရှိပြီး မဟာတန်းတက်ရောက်ရန်အဆင့်မီသူများ/ဂုဏ်ထူးတန်းဘွဲ့/ဘွဲ့လွန်ဒီပလိုမာရရှိထားသူများလည်း လျှောက်ထားနိုင်ပါသည်။ |
| (ခ) | အင်္ဂလိပ်ဘာသာပညာဌာန | ၂ | MA(Eng) / M.A(TEFL) | |
| (ဂ) | သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဌာန | ၂ | M.C.Sc/M.I.Sc/M.E(IT)/B.E(CE& IT)/B.E(IST) | |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၂-၁၂-၂၀၂၄)ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံစာချုပ်ချုပ်ဆိုရမည်။

၃။ လျှောက်လွှာများကို ၁-၁၁-၂၀၂၄ ရက်မှ ၂-၁၂-၂၀၂၄ ရက်အထိ လူကိုယ်တိုင်(သို့) စာတိုက်မှ တစ်ဆင့် လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းပါရှိရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန် ပေးပို့လာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၈-၁-၂၀၂၅ ရက်တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ၊ ၉-၁-၂၀၂၅ ရက်တွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။)

၅။ စာမေးပွဲဝင်ကြေး ၂၀၀၀/-အား မြန်မာ့စီးပွားရေးဘဏ်(ပြင်ဦးလွင်မြို့နယ်)ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစာရင်းအမှတ် MD-၀၁၀၆၅၇သို့ ၂-၁၂-၂၀၂၄ ရက်နောက်ဆုံးထား၍ ပေးသွင်းရမည်။

၆။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ် ၀၂-၄၇၅၀၀၀၆၊ ၀၂-၄၇၅၀၀၀၅၊ ၀၂-၄၇၅၀၂၃၆၊ ၀၉-၂၀၀၁၄၉၇၊ ၀၉-၄၀၂၆၀၅၉၀၄ နှင့် ၀၉-၄၄၄၀၃၆၅၃၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀ )ကေရှိ ဦးအုန်းထွေး ၁၁/ကဖန(နိုင်)၀၃၆၄၀၂ (ဘ)ဦးညိုကျော်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၂၃၅၂)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၅၀၅၃/၂၀၂၂ (၁၄-၁၀-၂၀၂၂)ဖြင့် မြေကွက်အမည် ပေါက်၏ အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလှဝင်း ၁/မကန(နိုင်)၂၁၁၅၂၆(ဘ)ဦးကီရှိုးမှ ဒေါ်ဝါနု ၁၃/နခတ(နိုင်)၀၄၈၂၃နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက ဆင်မြီးဆွဲ Grade-11 မှ မောင်အောင်ထူးစံ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၇/သကန(နိုင်)၀၄၈၈၄၅ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၀-၂၀၂၄ရက် ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၃၀)တွင် ဒေါ်ထက်မြတ်စိုး (တရားလွှတ်တော်ရှေ့နေ) ၏ အများသိစေရန် ကြေညာခြင်းတွင် ဦးဖွတ်စပါး ၁၂/သခန(နိုင်)၀၉၆၈၈၅ အစား ဒေါ်ဖွတ်စပါး ၁၂/သခန(နိုင်)၀၉၆၈၈၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

